ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ စနေနေ့၊ (28-4-2012) (၇၁၀၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်း၊ အတည်ပြုခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်း၊ အတည်ပြုခြင်းနှင့်အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ဧပြီ ၂၅ ရက်တွင် လက်ခံရရှိကြောင်းနှင့် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်းတင်သွင်းအတည်ပြုခြင်းကဏ္ဍ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းသည်။

နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းသည် လက်ရှိကာလအခြေအနေနှင့် ကိုက်ညီမှုမရှိတော့သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းဖြစ်ပြီး ဥပဒေကြမ်းကော်မတီကလည်း ရုပ်သိမ်းသင့်သော ဥပဒေကြမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များအားလုံးအနေဖြင့်လည်း တစ်စုံတစ်ရာ ပြင်ဆင်ရန် မလိုအပ်သည့်အတွက် ယင်းဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းကဏ္ဍ၌ ဧပြီ ၂၅ ရက်တွင် ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သော **၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး(၂၃)ရက်မြောက် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နီနီရဲရဲအဆင်းနှင့် လှပဝေဆာနေသော တောင်ပေါ်ဒေသ မင်းတပ်မြို့ရှိ စတော်ဘယ်ရီစိုက်ခင်း

သတင်းဆောင်းပါး-စိုးစိုးနိုင်

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

တောတောင်ထူထပ်ပြီး မြေပြန့်အလွန်နည်းပါးသော ချင်းပြည်နယ်။ တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းနေပြီး တောင်တန်းများအကြား မြစ်ဝှမ်းချိုင့်ဝှမ်းများလည်း ရှိကြသည်။ အမြင့်ဆုံးတောင်ထိပ်သည် ပေ ၁၀,၂၀၀ မြင့်ပြီး ဝိတိုရိယ(ခေါ်)ခေါ်နုဆွမ်တောင်လည်း တည်ရှိသည်။ မြစ်ချောင်းများစွာ စီးဆင်းနေပြီး မဏိပူရမြစ်သည် ပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

ဤသို့ တောတောင်ရေမြေ သဘာဝအလှတရားများနှင့် ပြည့်စုံနေသော ပြည်နယ်တစ်ခုဖြစ်သည်။ ဒေသနှင့် လိုက်ဖက်သော သီးနှံများကို စွမ်းအားပြည့် စိုက်ပျိုးလျက်ရှိရာ လက်ဖက်စိုက်ခင်းကြီးများကလည်း တစ်မျှော်တစ်ခေါ် ကြည့်မဆုံးနိုင်ပေ။ ထို့ကြောင့်လည်း လက်ဖက်ပြည်နယ်ဟု တင်စားခေါ်ဆိုကြပေသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့◆

ဌေးရှိမ္ဘာသဘာဝစတော်ဘယ်ရီစိုက်ခင်းကြီးအား ဤသို့တွေ့ရစဉ်။

ယနေ့ သတင်းအညွှန်း

"မိုးပေါ်မှအပ်တစ်ချောင်းနှင့် မြေပြင်မှအပ်တစ်ချောင်း ထိတွေ့ရန်ထက် လူ့ဘဝရလာဖို့မှာ ပို၍မလွယ်ကူကြောင်း သိကြပါသည်။ ရရှိလာသောလူ့အသက်ကို မိမိအသက်နှင့်ရင်းပြီး ကယ်တင်ခဲ့သည့် လုပ်ရပ်သည် အင်မတန်လေးစားဂုဏ်ယူဖွယ်ကောင်းသည်ဆိုလျှင်"

ဆောင်းပါး စာမျက်နှာ ၆

"စွန့်ပစ်မည့်သူများက မကောင်းကျိုးသိ၍ စည်းကမ်းလိုက်နာမည်ဟု ကြိုးစားကြချိန်တွင် စည်ပင်ကလည်း အမှိုက်ပစ်ရမည့်နေရာများ၊ အမှိုက်ပုံးများကို လူသွားလူလာများသည့် နေရာများတွင်"

သူ့အမြင် သူ့အတွေး စာမျက်နှာ ၇

"မည်သို့ပင် လေးလေးနက်နက် "တီး"ခတ်လိုက်သော်လည်း "တီး"လိုက်သည့် တီးကွက်နှင့် အညီ ဖြစ်ထွန်းလိုက်ဖက်သည့် အသံစည်ကားမပြည့်ခဲ့ပါဟုပင် တင်စားရမလို"

မပြောမပြီး မတီးမမြည် စာမျက်နှာ ၉

ကြေးမုံစာတည်းရှုထောင့်

၂၈-၄-၂၀၁၂[စနေနေ့]။

မိုးကြိုကာလ ရာသီပြောင်းမှု

မြန်မာနိုင်ငံ၏ မိုးကြိုကာလသည် ဧပြီ ၁၅ရက်မှ မေလကုန်အထိ ဖြစ်သည်။ မိုးကြိုကာလနှင့် မိုးနှောင်းကာလများတွင် မုန်တိုင်းဖြစ်ပေါ်လေ့ ရှိသည်။ မုန်တိုင်းဖြစ်ပေါ်မှုများသောကာလတွင် ကြိုတင်သိရှိစီစဉ်ထား ကြရန်လိုသည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်သာ နေရာကွက်ကျား မိုးများဆက်လက်ထစ်ချုန်းရွာသွန်းခဲ့ပြီး အလယ်ပိုင်းဒေသများတွင် နေ့ အပူချိန်များ မြင့်တက်နေသည်ကို တွေ့ရသည်။

မိုးကြိုကာလအတွင်း မြန်မာနိုင်ငံတွင် နေ့အပူချိန်မြင့်တက်မှု ဖြစ်ပေါ် နေကာ ဧပြီလနောက်ဆုံးပတ်အတွင်း ဘင်္ဂလားပင်လယ်အော်(တောင်ပိုင်း) တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်တစ်လုံးဖြစ်လာဖွယ်ရှိ ကြောင်း မိုးလေဝသဆိုင်ရာ ဝက်ဘ်ဆိုက် သတင်းထုတ်ပြန်ချက်အရ သိရ သည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်ဖွယ်မရှိဟုလည်း ဆိုထားသည်။

သို့သော် မိုးရွာခြင်းနှင့်အတူ မိုးတိမ်တောင်များကြောင့် မိုးထစ်ချုန်း ခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မိုးသက်လေပြင်း ကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့လည်း သတိပြုကြရ မည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံတစ်ခု၏ အရှေ့နှင့် အလယ်ပိုင်းဒေသများ တွင် မိုးသက်မုန်တိုင်းကျပြီး မိုးသည်းထန်နိုင်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် သတင်းထုတ်ပြန်ထားသည်ကို တွေ့ရသည်။

မကြာသေးမီရက်ပိုင်းအတွင်းက မိုးတိမ်တောင်များကြောင့် အင်းလေး ဒေသ၊ ပြင်ဦးလွင်၊ မန္တလေးနှင့် မုံရွာဒေသတို့တွင် မိုးရွာသွန်းခြင်း၊ မိုးသီး ကြွေခြင်းနှင့် အချို့နေရာများ၌ လေပြင်းတိုက်ခတ်ခဲ့သဖြင့် ပျက်စီးမှုအချို့ ရှိခဲ့သည်။ ဧပြီလဆန်းပိုင်းက မန္တလေးဒေသတွင် မိုးသက်လေပြင်းကျ၍ သစ်ပင်၊ ဓာတ်တိုင်၊ တယ်လီဖုန်းတိုင်၊ လမ်းညွှန်မှတ်တိုင်များ ပြိုလဲခဲ့ကြောင်း သိရသည်။

မိုးကြိုကာလတွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်နိုင်သည် ဖြစ်ရာ လေပြင်းဒဏ်ကြောင့် သစ်ပင်ကြီးများ လဲပြိုခြင်း၊ ကျိုးကျခြင်း၊ လျှပ်စစ် ဓာတ်တိုင်များလဲပြို၍ လျှပ်စစ်ကြိုး ပြတ်တောက်ပြုတ်ကျခြင်းများ ဖြစ်တတ် သည်။ နေအိမ်အဆောက်အအုံနှင့် ယာဉ်များ ထိခိုက်ပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန် စသည် ထိခိုက်ဒဏ်ရာရခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင် ကာကွယ်နိုင်သည်များကို ဆောင်ရွက်ထားသင့်သည်။ ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ် ဂရုပြုကြရန်နှင့် အန္တရာယ်ဖြစ်စေနိုင်သည့် သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်းတို့ ပြုလုပ်ထားသင့်သည်။

မိုးတိမ်တောင်များဖြစ်ပေါ်နေပြီး အမြင့်မှအောက်သို့ စိုက်ဆင်း လေပြင်းမျိုးများ ထိုးဆင်းတတ်သည်။ မွန်းလွဲနှင့် ညနေပိုင်းများတွင် တိုက် ခတ်နိုင်သဖြင့် အဆောက်အအုံဟောင်းများ၊ သစ်ပင်ကြီးများ၊ ရေကြောင်း သွားသင်္ဘောများ အန္တရာယ်မဖြစ်ပေါ်စေရေး အထူးဂရုပြုကြရမည်ဖြစ်သည်။

ထို့အတူ မိုးကြိုကာလ မုန်တိုင်းများတိုက်ခတ်စဉ် လျှပ်စစ်အသုံး အဆောင်၊ ခလုတ်နှင့် ပလပ်များကို လုံခြုံစွာ ပိတ်ထားရပေမည်။ မိုးကြိုးပစ် လျှပ်စီးလက်နေစဉ် တယ်လီဖုန်းသုံးစွဲခြင်း၊ ဓာတ်ကြိုးပြတ်များကြောင့် ဓာတ်လိုက်နိုင်သဖြင့် ရေထဲဆင်းလမ်းလျှောက်ခြင်းတို့ကို ရှောင်ကြဉ်သင့် သည်။ မုန်တိုင်းတိုက်ခတ်ချိန် ပြင်ပ၌ရောက်ရှိနေပါက လုံခြုံသည့်နေရာ တွင် နားခိုခြင်း၊ ယာဉ်အတွင်းဖြစ်ပါက မှန်တံခါးများကို လုံခြုံစွာ ပိတ်ထားခြင်းတို့ ပြုလုပ်ကြရန်လိုအပ်သည်။ အခါမရွေးဖြစ်ပေါ်နိုင်သည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ပြည်သူတိုင်းက သဘာဝဘေးအန္တရာယ် ကို ကြိုတင်ကာကွယ်ရေး ပြင်ဆင်မှုများပြုလုပ်ခြင်း၊ အသိပညာပေးခြင်း တို့ဖြင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများမှ ကာကွယ်သွား နိုင်မည်ဟု ရှုမြင်မိပါသည်။ ။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ဒုတိယနေ့ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၂၇

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ဒုတိယနေ့ကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်(၁၂၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ ဖတ်ကြား ရှင်းလင်းခြင်း၊ ပြည်နယ်ဥပဒေပြုရေး ဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများအား ဆက်လက် တာဝန်ပေးအပ်ရေးအတွက် ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ပြည်နယ်ရေးရာကော်မတီဝင်များတွင် ပါဝင်သော ပြင်ပပုဂ္ဂိုလ်များ၏ အစည်း အဝေး တက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသော နှုန်းထား များအတိုင်း ခံစားခွင့်ပြုနိုင်ရေး ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ကို ရယူခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်း သော ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန် အဆိုပြုချက်များရှိပါက ပြည်နယ် လွှတ်တော်သို့ ၂၀၁၂ ခုနှစ် မေ ၃၀ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း ကြေညာ ခြင်းတို့ ဆောင်ရွက်ပြီး အထူးအစည်း အဝေး(၁/၂၀၁၂)ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၂)ဒုတိယနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၄-၂၀၁၂ (စနေနေ့)

၇း၀၅	တရားတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	မြန်မာစာမြန်မာစကား အပိုင်း(၁၀)
၁၁း၂၅	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၅၁)
၁၂း၀၀	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဒိုင်ယာရီ (မြင့်မြတ်၊ မယ်လိုဒီနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-နေပိုင်)**
၂း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၂၀)**
၄း၁၅	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၄၀	ကုန်သွယ်သုတ
၅း၂၀	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၂၀	စားဖိုဆောင်ချစ်သူ
၆း၄၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂၉)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -လွှတ်တော်စတား **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၇) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရက်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၂၂)**

အလုပ်သမားနေ့တွင် လော့်ကားဥယျာဉ်ကို ညနေ ၆ နာရီထိဖွင့်မည်

ရန်ကုန် ဧပြီ ၂၇

လော့်ကားသဘာဝဥယျာဉ်ကို နေ့စဉ် ပုံမှန်နံနက် ၈ နာရီမှ ညနေ ၅ နာရီ အထိ ဖွင့်လှစ်ထားသော်လည်း မေ ၁ ရက် (အလုပ်သမားနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်မည်

နေပြည်တော် ဧပြီ ၂၇

ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသား ဟောင်းများ စုပေါင်း၍ (၁၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၅ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီမှစ၍ နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများနှင့် ဧည့် သည်တော်များသည် မေ ၄ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးခင်ဇေ (ရုံး အဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃၊ မင်းရဲဆက် ဖုန်း-၀၉-၆၈၀၆၃၀၈၊ ဦးသက်ဇင်မိုး ဖုန်း- ၀၉-၄၉၂၀၂၅၂၅နှင့် ဦးလွင်ပြုံး ဖုန်း-၀၉- ၄၃၁၈၈၃၄၁ တို့သို့ စာရင်းပေးသွင်းကြရ မည် ဖြစ်သည်။

ပြိုင်ပွဲ Sponsor အဖြစ် မုံတဝ ဆောက် လုပ်ရေးကုမ္ပဏီက ပံ့ပိုးဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၄. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၅၉၂	၀. ၀၃၂၅၁
တရုတ် (ယွမ်)	၆. ၃၀၄၂၀	၀. ၁၅၈၃၇
အိန္ဒိယ (ရူပီး)	၅၂. ၄၆၄၆	၀. ၀၁၉၀၆
မလေးရှား (ရင်းဂစ်)	၃. ၀၄၄၀၀	၀. ၃၂၈၅၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၉၄၃	၀. ၈၀၆၈၂
ဂျပန် (ယန်း)	၈၀. ၄၅၆၀	၀. ၀၁၂၄၃
တောင်ကိုရီးယား(ဝမ်)	၁၁၃၂. ၅၅	၀. ၀၀၀၈၈
ယူရို	၀. ၇၅၄၇၂	၁. ၃၂၄၉၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၅၄၆	၁. ၆၂၄၈၀

အင်တာနက်။

သရုပ်ဆောင်လောကသို့ ခြေဆန့်လာသည့် အဆိုတော် ကင်မ်ဂျေဂျွန်း

ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ JYJ မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကင်မ်ဂျေဂျွန်း သည် ၎င်း၏ သရုပ်ဆောင်လောက နောက်ထပ်ခြေလှမ်းတစ်ရပ်အနေဖြင့် ကိုရီးယားမင်းသမီး ဆောင်းဂျီဟိုနှင့် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးသွား မည်ဖြစ်ကြောင်း ၎င်း၏ အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ကင်မ်ဂျေဂျွန်းနှင့် ဆောင်းဂျီဟိုတို့ သည် The Jackal is Coming ဟု အမည်ပေးထားသည့် ဟာသဇာတ်ကား တွင် အတူယှဉ်တွဲသရုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေပြီး ကင်မ်က ကိုရီးယားနိုင်ငံမှ နာမည်ကျော် အဆိုတော်တစ်ဦးအဖြစ် သရုပ်ဆောင် သွားမည်ဖြစ်သကဲ့သို့ ဆောင်းက ဂျက်ကယ်လ်အဖြစ် သရုပ်ဆောင်မည် ဖြစ်သည်။ ယင်းဇာတ်ကားကို နောက်လ တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ယခုနှစ် စက်တင်ဘာလအတွင်း အကြိုပြသနိုင်ရန် စီစဉ်ထားသည်။

ဂျက်ကယ်လ်ဆိုသည်မှာ ပြင်သစ် သမ္မတ ချားလ်စ် ဒီဂေါလ်ကို လုပ်ကြံ သတ်ဖြတ်ရန် ငှားရမ်းခံခဲ့ရသည့် ကြေးစားလူသတ်သမားတစ်ဦးဖြစ်သည်။ ၎င်း၏ ရာဇဝင်နှင့် ပတ်သက်၍ ဝတ္ထု စာရေးဆရာများ၊ ရုပ်ရှင်ထုတ်လုပ်သူ များက ၁၉၉၇ ခုနှစ်က ဘရုစ်ဝီလီစ် သရုပ်ဆောင်ခဲ့သည့် The Jackal ဇာတ်ကားအပါအဝင် စိတ်ကူးယဉ်ဝတ္ထု ဖြစ်ရပ်မှန်ဝတ္ထုနှင့် ရုပ်ရှင်ဇာတ်ကား များ ဖန်တီးရေးသားရိုက်ကူးခဲ့ကြသည်။

ကင်မ်သည် မင်းသား ဆောင်ဆန် ယွန်နှင့် မင်းသမီး ပါ့ခ်မင်ယောင်တို့နှင့် တွဲဖက်၍ Timeslip Dr. Jin အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင်လည်း ပါဝင် သရုပ်ဆောင်လျက်ရှိပြီး ယင်းဇာတ်လမ်း တွဲကို မေ ၂၆ ရက်တွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။ ***အင်တာနက်။***

အောဝမ်းစိုး

မြင်းမူကျန်စစ်သားရပ်ကွက်၌ မီးလောင်

မြင်းမူ ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ကျန်စစ်သားရပ်ကွက်ရှိ မမြသက် (၃၇)နှစ် (ဈေးရောင်း)နေအိမ်၌ ဧပြီ ၂၆ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မီးဖိုမီးကြွင်း မီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် ဝါးထရံကာ၊ ဝါးကပ်မိုး အိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၃၂ ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ကာ လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ မြင်းမူ မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ကား များ၊ မြန်မာ့ရေနံသိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲ(က)အဆင့် မြင်းမူမှ ရေသယ်ယာဉ် တီအီး နှစ်စီး၊ ဗန္ဓုလရပ်ကွက်မှ မီးသတ် ကားတစ်စီး၊ ရေသယ်ထော်လာဂျီများ စုစုပေါင်း ၁၀ စီးခန့်နှင့် ရပ်ကွက်ပြည်သူ များ၏ စုပေါင်းမီးငြှိမ်းသတ်မှုကြောင့် ည ၁၁ နာရီ ၄၀ မိနစ်ခန့်တွင် မီးငြိမ်းသတ် နိုင်ခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင် မမြသက်အား မြင်းမူရဲစခန်းမှ (ပ) ၉၀/ ၂၀၁၂ ပြစ်မှု ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။**(အောက်ပုံ)** (၆၂၄)

မန္တလေးကုန်စည်ဈေးနှုန်း

၂၇-၄-၂၀၁၂

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၁၉၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၁၆၅၀၀
ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၄၅၀၀၀

ဆန်ဈေး

(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀/၂၀၀၀၀
မဂျမ်းတော	၂၀၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၁၀၀၀
ပေါ်ကျွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကျွဲ(သစ်)	၁၉၅၀၀
ဧယာ(ဟောင်း)	၂၁၅၀၀
ဧယာ(သစ်)	၁၅၅၀၀/၁၆၅၀၀
ဧရာမင်း(သစ်)	၁၈၅၀၀/၁၉၀၀၀
B.G.	၁၄၅၀၀/၁၅၀၀၀
ငစိန်(သစ်)	၁၃၅၀၀/၁၄၀၀၀
သုခ-မတ္တရာ(သစ်)	၁၄၀၀၀/၁၅၀၀၀
ရွှေသွယ်(သစ်)	၁၃၀၀၀/၁၄၀၀၀
မော်ဘီ(သစ်)	၁၆၀၀၀/၁၆၅၀၀
ဆန်ကွဲ	၁၀၀၀၀/၁၁၀၀၀

ဆီဈေး

ပဲဆီ	၃၂၀၀/၃၈၀၀
နှမ်းဆီ	၂၉၀၀/၃၀၀၀
ပန်းနှမ်းဆီ	၂၅၅၀/၂၆၀၀
နေကြာဆီ	၂၅၅၀/၂၆၀၀
မုန်ညင်းဆီ	၂၄၀၀
ပဲပုပ်ဆီ	၁၉၀၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၂၀၈၀/၂၀၉၀
ကြက်ဆူဆီ	၂၉၀၀

(၀၀၂)

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေး ဘဏ်အချင်းချင်းသာမက မိမိဘဏ်အတွင်းတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီး

နေပြည်တော် ဧပြီ ၂၇

ယနေ့အစည်းအဝေးသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်သစ်တွင် ပထမဆုံး ကျင်းပသော အစည်းအဝေးဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့ ဘဏ်လုပ်ငန်းများ၏ လုပ်ငန်းအခက်အခဲများ၊ အောင်မြင်မှုများ၊ တွေ့ရှိချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြပ်မတ်မှုအားကောင်းစေရန် အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေး အားကောင်းစေရန်လည်း ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဟုဆိုရာတွင် ဘဏ်အချင်းချင်းသာမက မိမိဘဏ်အတွင်းတွင်လည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များ အသင်းအမှုဆောင်အဖွဲ့၏ (၁၃၈)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍လည်း ဘဏ်များတွင် ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်တောင့်တင်းလာသည်နှင့်အမျှ လုပ်ကိုင်ဆောင်ရွက်နိုင်သောလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့်လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီဘဏ်များဖြစ်လာစေရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် Foreign Banking လုပ်ငန်းကိုပါ လိုက်လျောညီထွေတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်ဘဏ်များတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသည့် NGO များ၊ INGO များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကတစ်ဦးချင်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့၏ နိုင်ငံခြားငွေစာရင်းမှ ငွေသားထုတ်ယူလိုသည့်အခါတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ သို့မဟုတ် ၎င်းနှင့်ညီမျှသည့် နိုင်ငံခြားငွေ (Euro SGD, FEC)ကို ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဘဏ်စာရင်း ဖွင့်လှစ်ထားသည့်ဘဏ်၌ပင် ထုတ်ယူခွင့်ပြုကြောင်းနှင့် ၎င်းပမာဏထက်ကျော်လွန်ပြီး ထုတ်ယူလိုပါက စာရင်းပြောင်းနည်းဖြင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ကြသည့် FDI နှင့် NGO နှင့် INGO များ အပါအဝင် နိုင်ငံပိုင်ဘဏ်များရှိ မည်သည့်နိုင်ငံခြားငွေစာရင်းများမှ လက်ကျန်ငွေများကိုမဆို သွင်းကုန်တင်သွင်းခွင့်အပါအဝင် လွတ်လပ်စွာ သုံးစွဲခွင့်ပြုပေးသွားရန် အစီအစဉ်ရှိသည်။ ဘဏ်များအနေဖြင့် Foreign Banking အား အရည်အချင်းပြည့်စုံစွာဖြင့် ပြည့်ပြည့်ဝဝ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ ဘဏ်လုပ်ငန်းကဏ္ဍကို တာဝန်ယူလုပ်ကိုင်နေသူများအနေဖြင့် နိုင်ငံတကာဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပြီး မိမိတို့နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ၏ အဓိကဦးတည်ချက်မှာ ငွေကြေးတည်ငြိမ်မှုနှင့် ငွေပေးချေမှုစနစ်များ လွယ်ကူအဆင်ပြေမှုတို့မှ တစ်ဆင့် ပြည်သူလူထုတစ်ရပ်လုံး၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ ပိုမိုတိုးတက်ကာ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံဘဏ်များအသင်းသည် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးစေရန်ကူညီရင်း ဘဏ်လုပ်ငန်းကဏ္ဍ၏ ဝန်ဆောင်မှုများကို ပြည်သူအားလုံး အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် စဉ်ဆက်မပြတ် တိုးတက်မှုကိုရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၈)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မန္တလေး ဗုဒ္ဓဝေယျာဝစ္စအသင်း ကဆုန်ညောင်ရေသွန်းအကြို ညောင်ရေလောင်းလှူပွဲ မဟာမုနိဘုရားကြီး၌ ကျင်းပ

မန္တလေး ဧပြီ ၂၇

မန္တလေးမြို့ ဒေးဝန်းအရှေ့ပိုင်း ကုက္ကိုစုရပ်ကွက် သြဒိသဉဒကဒါန ဗုဒ္ဓဝေယျာဝစ္စအသင်း၏ (၈၂) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းအကြိုလှူဒါန်းခြင်းကို ဧပြီ ၂၄ ရက် ညနေပိုင်းတွင် မန္တလေးမြို့ ၈၆ လမ်း ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အဆိုပါအသင်းတည်ရှိရာမှ မန္တလေး မဟာမုနိဘုရားကြီးသို့ သွားရောက်လှူဒါန်းကြသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်အကြို ညောင်ရေလောင်းလှူရာသို့ အသင်းနာယကအဖွဲ့ဝင် ဦးဘသောင်း၊ ဦးချစ်ပုံ၊ အသင်းဥက္ကဋ္ဌ ဦးမောင်အေး၊ အတွင်းရေးမှူး ဦးမြင့်ဆန်း၊ ဦးသောင်းထွန်းနှင့် အသင်းသားအသင်းသူ ၁၅၀ ကျော်ပါဝင်တက်ရောက်ကြသည်။ ရှေးဦးစွာ အသင်းတည်ရှိရာ ၈၆ လမ်းမှ ၃၉ လမ်း၊ ၃၉ လမ်းမှ ၈၄ လမ်း၊ ၈၄ လမ်းမှ ၄၂ လမ်း၊ ၄၂ လမ်း ဘုရားကြီးဈေးအတွင်းမှ မဟာမုနိဘုရားကြီးအထိ အသင်းသားများက ကဆုန်ညောင်ရေဆိုင်းထမ်းတွင် ညောင်ရေအိုးနှင့် ပန်းများဖြင့်လည်းကောင်း အသင်းသူများ**(ယာပုံ)**က ကဆုန်ညောင်ရေအိုးတွင်ပန်းများဖြင့်လည်းကောင်း ပြင်ဆင်ကာရွက်ပြီး မဟာမုနိဘုရားကြီးရှိ ဗောဓိညောင်ပင် ဂြိုဟ်ပြေနံပြေတို့တွင် ရေနှင့် ပန်းများအား ဆက်ကပ်လောင်းလှူကြသည်။

(၀၀၂)

ကျေးလက်ဆေးပေးခန်းနှင့် မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ရမ်းဗြဲ ဧပြီ ၂၇

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် သင်းပေါင်းချောင်းအုပ်စု သင်းပေါင်းချောင်းကျေးရွာ ကျန်းမာရေးဌာနခွဲ ကျေးလက်ဆေးပေးခန်းနှင့် မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီတွင် ရမ်းဗြဲမြို့နယ် ကျန်းမာရေးဌာနမှူး ဒေါက်တာညွန့်ဦး၊ ဆေးခန်းအလှူရှင် ဦးဝင်းမောင်နှင့် ကျောင်းအုပ်ကြီး ဦးကျော်ထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ကျေးရွာနေ ကျန်းမာရေးလိုအပ်ချက်အား ဖြည့်ဆည်းပေးလိုသောကြောင့် ကျေးလက်ဆေးပေးခန်းကို တစ်ဦးတည်းအလှူရှင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ်(၃၀-B)နေ ဦးဝင်းမောင်(ဟိန်းသစ္စာပန်းထိမ်လုပ်ငန်း)၊ ဇနီး ဒေါ်နွဲ့နွဲ့သန်း(ဟိန်းသစ္စာစက်ပန်းထိမ်လုပ်ငန်း)၊ သားကြီး မောင်ဟိန်းထက်ဇော်၊ သမီးကြီး မဆုမြတ်နိုင်၊ သမီးငယ် မသီရိရွှန်းလဲ့ မိသားစုတို့က ငွေကျပ်သိန်း ၆၀ အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ မူလတန်းလွန် ကျောင်းဆောင်သစ်ကို ကျေးရွာသူကျေးရွာသားများနှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များစုပေါင်း၍ ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)





မြန်မာ-ထိုင်း ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၇

ထိုင်းနိုင်ငံ Federation of Thai Industries ဥက္ကဋ္ဌ Mr.Payungsak Chartsutipol ဦးဆောင်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိုယ်စားလှယ်အဖွဲ့ဝင် ၈၀ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ကွန်ဖရင့်ဟောခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းများအလိုက် ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးကြသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့တွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း စက်မှုလုပ်ငန်း၊ စားသောက်ကုန် ထုတ်လုပ်ရေးစက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ အလှကုန်လုပ်ငန်း၊ ရေနံဓာတုနှင့် Gas လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်း၊ သံ၊ စတီး၊ စက်မှုလုပ်ငန်း၊ မှန်လုပ်ငန်း၊ သကြားထုတ်လုပ်မှုလုပ်ငန်း၊ အလူမီနီယမ် စက်မှုလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ကြွေထည်မြေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်များ ပါဝင်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Federation of Thai Industries တို့ စီးပွားရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

(သူရအောင်)

နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။

၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီးဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။

၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသော စပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီး ကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှုသက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြရန်။

၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။

၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်းပြီး ကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။

၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကို ကျင့်သုံး၍ နီးစပ်ရာကုန်းမြင့်နေရာရွေးချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။

၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအား စုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ရန်။

၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။ ရွှေ့ပြောင်းရန် အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံထားပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာဖုံးအုပ်ပေးရန်။

၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့် လည်းကောင်း လူအင်အား အပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။

၁၀။ မိုးမိလျှင် အစိုဓာတ်ကြောင့် စပါးများအစေ့အောက်ခြင်း၊ အရည် အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်းများဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် (၁၄) ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်။ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။

၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။

၁၂။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီ ရယူဆောင်ရွက်ရန်။ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ပြင်ဦးလွင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီနှင့် ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံ၌ ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးထွန်းထွန်းစိုးနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးပြီး အပန်းဖြေရိပ်သာ၌ ဟောပြောစဉ်။ (၃၈၇)



အာဆီယံ+၃ အရေးပေါ်အရန်ဆန် သိုလှောင်မှု၌ ဆန်တန်ချိန် ၁၄၀၀၀ ဗီယက်နမ် ထည့်ဝင်မည်

ဟန်ွိုင်း ဧပြီ ၂၇

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)+၃ အရေးပေါ်အရန်ဆန်သိုလှောင်မှု၌ ဆန်တန်ချိန် ၁၄၀၀၀ ထည့်ဝင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သဘာဝဘေးအန္တရာယ်များကြောင့် ဆန်စပါးရောင်းလိုအားနှင့် ဝယ်လိုအားမညီမမျှဖြစ်မှုကို ရှောင်လွှဲနိုင်ရန်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်မှုထိန်းသိမ်းနိုင်စေရန်လည်းကောင်း အာဆီယံ+၃ အရေးပေါ်ဆန်သိုလှောင်မှု အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ဒေသဆိုင်ရာ အရန်ဆန်သိုလှောင်မှု အစီအစဉ်အတွက် ဆန်တန်ချိန် ၁၄၀၀၀ ထည့်ဝင်ရန် သဘောတူညီချက်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒေသဆိုင်ရာ အရေးပေါ်အရန်ဆန်သိုလှောင်ရေး အစီအစဉ်အရ ဆန်တန်ချိန် ၇၈၇၀၀၀ အထိ သိုလှောင်ထားရှိမည်ဖြစ်သည်။

ယင်းအစီအစဉ်အတွက် မြန်မာနိုင်ငံက ဆန်တန်ချိန် ၁၄၀၀၀၊ ထိုင်းနိုင်ငံက ဆန်တန်ချိန် ၁၅၀၀၀၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ဆန်တန်ချိန် ၁၂၀၀၀ စီ၊ မလေးရှားနိုင်ငံက ဆန်တန်ချိန် ၆၀၀၀၊ စင်ကာပူနိုင်ငံက ဆန်တန်ချိန် ၅၀၀၀၊ ဘရူနိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ဆန်တန်ချိန် ၃၀၀၀ စီထည့်ဝင်မည်ဖြစ်သည်။

အလားတူပင် တရုတ်နိုင်ငံက ဆန်တန်ချိန် ၃၀၀၀၀၀၊ ဂျပန်နိုင်ငံက ဆန်တန်ချိန် ၂၅၀၀၀၀ နှင့် တောင်ကိုရီးယားနိုင်ငံက ဆန်တန်ချိန် ၁၅၀၀၀၀ ထည့်ဝင်မည်ဖြစ်သည်။

ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ကျေးလက်ဒေသ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင် တစ်နေရာ။ (ဓာတ်ပုံ-အင်တာနက်)

ကူဝိတ်ဒုက္ခသည်များကို အီရတ်ကလျော်ကြေး ဒေါ်လာတစ်ဘီလီယံပေးရန် ကုလအတည်ပြု

ဂျီနီဗာ ဧပြီ ၂၇

၁၉၉၀ပြည့်နှစ်တွင် အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကို ကျူးကျော်ခဲ့စဉ် ဒုက္ခသည်ဘဝ ရောက်ရှိသွားသူများကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံလျော်ကြေးပေးရန် ကုလသမဂ္ဂအဖွဲ့က အတည်ပြုကြောင်း ကြာသပတေးနေ့ အေပီသတင်းတွင်ဖော်ပြထားသည်။

ကုလသမဂ္ဂ လျော်ကြေးပေးရေးကော်မရှင်က အမိန့်ကြော်ငြာစာတစ်စောင်ထုတ်ပြန်ရာတွင် ဖော်ပြပါငွေများကို ကူမွေဏီလေးခု၊ အစိုးရအဖွဲ့နှစ်ခုတို့အား ပေးအပ်မည်ဖြစ်ကြောင်း ရေးသားထားသည်။

၎င်းလျော်ကြေးငွေလက်ခံမည့်သူများ၏ အမည်နာမများကို ဖော်ပြခြင်းမပြုသော်လည်း အားလုံးသည် ကူဝိတ်နိုင်ငံသားများဖြစ်သည်။

လျော်ကြေးတောင်းဆိုသူ ၁ဒသမ ၅သန်းကိုပေးအပ်ရန်အတွက် အစိုးရနှင့်ပြည်တွင်း အဖွဲ့အစည်းများသို့ ယခုချိန်ထိ ဒေါ်လာ ၃၆ဒသမ ၄သန်းအား ကော်မရှင်က လွှဲပြောင်းပေးပြီးဖြစ်သည်။

နောက်ထပ် ဒေါ်လာ ၁၆ ဘီလီယံကိုလည်း ကူဝိတ်နိုင်ငံမှ အမည်မဖော်ပြသော လျော်ကြေး တောင်းဆိုသူများအတွက် ရည်ရွယ်၍သီးသန့်ထားရှိပြီဖြစ်သည်။

၂၀၀၃ခုနှစ်တွင် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံသို့ ဝင်ရောက်ခြင်းမပြုမီအထိ ၁၉၉၀ပြည့်နှစ်တွင် ကူဝိတ်နိုင်ငံကို အီရတ်နိုင်ငံက ကျူးကျော်ခဲ့သည့်အတွက် ဆုံးရှုံးပျက်စီးမှုများကို လျော်ကြေးပေးရန် အီရတ်နိုင်ငံ၏ ရေနံရောင်းရငွေများမှ ၂၅ ရာခိုင်နှုန်းကို ကော်မရှင်ကလက်ခံရရှိသည်။

အမေရိကန်နှင့် အပေါင်းပါများဝင်ရောက်ပြီးသည့် နောက်ပိုင်းအတွက်မူ ရေနံရောင်းရငွေ၏ ငါးရာခိုင်နှုန်းသာ ကော်မရှင်က ရရှိသည်။ **အင်တာနက်။**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်တပ်ဖွဲ့အခြေစိုက်စခန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၉၀၀၀ အိုကီနာဝါကျွန်းမှ ရွှေ့ပြောင်းပေးမည်

ဝါရှင်တန် ဧပြီ ၂၇

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ အမေရိကန်၏ စစ်ရေးတည်ရှိမှုဆိုင်ရာ အစီအစဉ်ကို ပြန်လည်ပြင်ဆင်ရန် နှစ်နိုင်ငံသဘောတူညီလိုက်ကြကြောင်း၊ ယင်းသဘောတူညီချက်အရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၉၀၀၀ ကို အိုကီနာဝါကျွန်းမှ ရွှေ့ပြောင်းပေးမည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများက ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒသည် အမေရိကန်နိုင်ငံ ဝါရှင်တန်၌ သမ္မတ ဘာရက်အိုဘားမားနှင့် တွေ့ဆုံခြင်းမပြုမီ ရက်ပိုင်းအလိုတွင် နှစ်နိုင်ငံသဘောတူညီမှုရရှိခြင်းဖြစ်သည်။

သဘောတူညီချက်အရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၉၀၀၀ ကို အိုကီနာဝါကျွန်းမှ အခြားဒေသများသို့ ရွှေ့ပြောင်းမည်ဖြစ်သည်။ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၅၀၀၀ သည် ဂူအမ်ကျွန်းသို့ လည်းကောင်း၊ ကျန်တပ်ဖွဲ့ဝင်များသည် ဟာဝိုင်ယီနှင့် ဩစတြေးလျတို့ကဲ့သို့သော အခြားနေရာဒေသများသို့ လည်းကောင်း ရွှေ့ပြောင်းမည်ဖြစ်ကြောင်း အမေရိကန်-ဂျပန် ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

သို့ရာတွင် အိုကီနာဝါကျွန်းရှိ လူနေထူထပ်သောဒေသရှိ ဖူထဲမလေတပ်စခန်းကို အခြားဒေသတစ်နေရာသို့ ရွှေ့ပြောင်းပေးရေးနှင့် ပတ်သက်၍ဖြစ်ပေါ်နေသော အငြင်းပွားမှုကိုလည်း ယခုထက်တိုင်အောင် ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။

၁၉၆၀ ပြည့်နှစ် နှစ်နိုင်ငံလုံခြုံရေးသဘောတူစာချုပ်အရ ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၇၀၀၀ ခန့် ဖြန့်ကြက်ထားသည်။ **ရိုက်တာ။**

ဩစတြေးလျနိုင်ငံ မိုးခေါင်မှုမှကင်းလွတ်

ဆစ်ဒနီ ဧပြီ ၂၇

ဩစတြေးလျနိုင်ငံ၌ ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ် မိုးခေါင်မှုကာလမှ လွတ်မြောက်ပြီဟု အစိုးရက ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ လယ်သမားများ အနေဖြင့် စိတ်သက်သာစရာဖြစ်ကြောင်း သတင်းဌာနများက ဧပြီ ၂၇ ရက်တွင် သတင်းဖော်ပြသည်။

ဩစတြေးလျနိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ခဲ့ရာမှ ထူးထူးခြားခြားပူပြင်းခြောက်သွေ့သော ကာလတစ်ခုဖြစ်ပေါ်ခဲ့သည်။

ဩစတြေးလျနိုင်ငံ၌ ရာသီဥတုဇုန်အမျိုးမျိုးရှိသည်။ ကမ္ဘာ့အပူပိုင်းဒေသရာသီဥတုပုံစံမှသည် အယ်လ်ပိုင်းရာသီဥတုပုံစံအထိ တွေ့မြင်နိုင်သည်။ **အင်တာနက်။**

အိုစမာဘင်လာဒင်၏ မိသားစု ဆော်ဒီအာရေဗျသို့ ပြည်နှင်

အစ္စလမ္မာဘတ် ဧပြီ ၂၇

ပါကစ္စတန်နိုင်ငံသည် အိုစမာဘင်လာဒင်၏ မိသားစုဝင် ၁၄ဦးကို ဆော်ဒီအာရေဗျနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းဌာနများက ဧပြီ ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

အိုစမာဘင်လာဒင်၏မိသားစုဝင်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များခြံရံလျက် စင်းလုံးငှားလေယာဉ်ပေါ်သို့ တင်ဆောင်ခဲ့သည်။ အဆိုပါလေယာဉ်သည် ဘနေဇီဘူတိုနိုင်ငံတကာလေဆိပ်မှ ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့သို့ ပျံသန်းမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘနေဇီဘူတိုနိုင်ငံတကာလေဆိပ်၌ လုံခြုံရေးတင်းကျပ်ထားပြီး ဆော်ဒီသံအမတ်ကြီးကို လေဆိပ်တွင် တွေ့ရှိရသည်ဆို၏။

အိုစမာဘင်လာဒင်၏ မိသားစုဝင်များအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၌ နေထိုင်ရန် ရွေးချယ်ခဲ့ကြကြောင်း တာဝန်ရှိသူက ပြောကြားသည်။ **အင်တာနက်။**

နျူကလီးယားမတော်တဆမှု ဘေးအန္တရာယ်ကာကွယ်ရေး စုပေါင်းလေ့ကျင့်မှု၌ တာဝန်ရှိသူများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားမတော်တဆမှု ဘေးအန္တရာယ်ကာကွယ်ရေး ဟောင်ကောင်၌ စုပေါင်းလေ့ကျင့်မှုပြုလုပ်

ဟောင်ကောင် ဧပြီ ၂၇

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၌ နျူကလီးယားမတော်တဆမှု ဘေးအန္တရာယ်မှ ကာကွယ်ရေး စုပေါင်းလေ့ကျင့်မှုကို ဧပြီ ၂၆ ရက်က ပြုလုပ်ရာ တာဝန်ရှိသူများနှင့် နိုင်ငံခြားသားကျွမ်းကျင်သူပညာရှင် ၁၀၀၀ကျော်ပါဝင်လေ့ကျင့်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပြီးနောက် ဟောင်ကောင်တွင် ပထမဆုံးအကြိမ် အဆိုပါ စုပေါင်းလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်သည်။

အရေးပေါ်အခြေအနေအမျိုးမျိုးတွင် နျူကလီးယား ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် မိမိတို့ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း လုံခြုံရေးဝန်ကြီး အမ်ဘရော့စ်လီက ပြောကြားသည်။

နျူကလီးယားမတော်တဆမှု ဘေးအန္တရာယ်မှ ကာကွယ်ရေး စုပေါင်းလေ့ကျင့်မှုမှာ အောင်မြင်မှုရှိကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါလေ့ကျင့်မှုကို ပြင်သစ်၊ ဗြိတိန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီတို့မှ ကျွမ်းကျင်သူပညာရှင်များက လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း၊ ဟောင်ကောင်ကျွန်းရှိ ဒေသခံပြည်သူ ၁၀၀ခန့်ကို လေ့ကျင့်မှုအစီအစဉ်အရ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နျူကလီးယားမတော်တဆမှု ဘေးအန္တရာယ်မှ ကာကွယ်ရေး စုပေါင်းလေ့ကျင့်မှုကို ဧပြီ ၂၇ရက်တွင် ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ **အင်တာနက်။**

မြောက်ကိုရီးယား၏ ဖြစ်နိုင်ဖွယ် နျူစမ်းသပ်မှုအတွက် ရုရှားတပ်ဖွဲ့များ အသင့်ပြင်ဆင်ထား

မော်စကို ဧပြီ ၂၇

လာမည့် သီတင်းပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံသည် မြေအောက်နျူကလီးယား စမ်းသပ်မှုတစ်ရပ်ကို လုပ်ဆောင်မည်ဟု ခန့်မှန်းရခြင်းကြောင့် ရုရှားနိုင်ငံက ၎င်း၏ အရှေ့ဖျား ဒေသအခြေစိုက် ရုရှားတပ်ဖွဲ့များကို စစ်ရေးအရ အသင့်ပြင်ဆင်မှုအဆင့်အား မြှင့်တင်ထားကြောင်း ဧပြီ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

အထူးထောက်လှမ်းရေးသတင်းများကို အခြေပြု၍ အရှေ့ဖျားဒေသအခြေစိုက် ရုရှားတပ်ဖွဲ့များ၏ စစ်ရေးအရ အသင့်ပြင်ဆင်မှုအဆင့်အား မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားအရှေ့ဖျားစစ်ဌာနချုပ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှု လုပ်ဆောင်မည်ဆိုပါက နိုင်ငံတကာအသိုက်အဝန်း၏ ပြစ်တင်ရှုတ်ချမှုကို ထပ်မံခံရမည်ဖြစ်ကြောင်း သိရသည်။

ယခုလအတွင်း မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဂြိုဟ်တုလွှတ်တင်ရန် ပုံစံထုတ် တည်ဆောက်ထားသည်ဆိုသော ဒုံးပျံတစ်စင်းအား ပစ်လွှတ်ခဲ့ရာ နိုင်ငံတကာက ပြစ်တင်ရှုတ်ချခဲ့ကြသည်။

မအောင်မြင်ခဲ့သော ယင်းဒုံးပျံပစ်လွှတ်မှုသည် လုံခြုံရေးကောင်စီ၏ တားမြစ်ချက်များအားချိုးဖောက်၍ တာဝေးပစ်ဒုံးကျည်စမ်းသပ်ရန် ကြိုးပမ်းမှုသာဖြစ်ကြောင်း ကုလလုံခြုံရေးကောင်စီက ကြေညာခဲ့သည်။

မြောက်ကိုရီးယားက မြေအောက်နျူကလီးယား ဖောက်ခွဲစမ်းသပ်မှုလုပ်ဆောင်ဖွယ်ရှိသည့် အရေးကို ရုရှားအာဏာပိုင်များက နှစ်သက်လိုလားခြင်းမရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

မြောက်ကိုရီးယားသည် နျူကလီးယားစမ်းသပ်မှုများအား ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ်နှင့် ၂၀၀၉ ခုနှစ် မေလတွင် တစ်ကြိမ် လုပ်ဆောင်ခဲ့သည်။ အင်တာနက်။

ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းပါ မဒါဂတ်စကားမိုးသစ်တော၌ နီလာများတွေ့ရှိ ကျောက်တူးသမားများကြောင့် သစ်တော၏သဘာဝနဂိုရည်ပျက်ယွင်းမည့် အန္တရာယ်ရှိ

မဒါဂတ်စကားကျွန်းနိုင်ငံ အန်ကီနီဟေနီ ဇာမီနာမိုးသစ်တောအတွင်း သဘာဝသယံဇာတများ ရှာဖွေတူးဖော်နေသူများအား တွေ့ရစဉ်။

အန်တာနာနာရီဗို ဧပြီ ၂၇

မဒါဂတ်စကားကျွန်းနိုင်ငံ၏ အမျိုးသားကာကွယ်တောတစ်ခုအတွင်း အဖိုးတန်နီလာကျောက် အများအပြား ရှာဖွေတွေ့ရှိခဲ့ရာ ကျောက်တူးဖော်မှုလုပ်ငန်းများကြောင့် ယင်းသစ်တော၌ မမှန်းဆနိုင်သော ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ကြောင်း ဧပြီ ၂၅ ရက်သတင်းများတွင် ဖော်ပြထားသည်။

အန်ကီနီဟေနီ ဇာမီနာအမည်ရှိ အဆိုပါ မိုးသစ်တောသည် သဘာဝနဂိုရည်မပျက်ယွင်းသေးသော သစ်တောဖြစ်ပြီး အန်ဒရီလီမာမျောက်များအပါအဝင် ရှားပါးတောရိုင်းတိရစ္ဆာန်များ ဘာသာဘာဝကျက်စားနေထိုင်မှုကြောင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်သည်။

သို့ရာတွင် ယခုလအစောပိုင်းအတွင်း ယင်းမိုးသစ်တော၌ နီလာကျောက်များရှာဖွေတွေ့ရှိခဲ့ရာ ကျောက်တူးဖော်မှုလုပ်ငန်းများကြောင့် သစ်တောပျက်စီးမည့် အန္တရာယ်ရှိလာနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက သတိပေးခဲ့ကြသည်။

ကျောက်တူးသမားနှင့် ကျောက်မျက်ကုန်သည် စုစုပေါင်း ၁၀၀၀၀ မျှတို့သည် နီလာကျောက်များအား တူးဖော်ထုတ်ယူ၍ ပြည်ပသို့ တင်ပို့ရောင်းချရန် မဒါဂတ်စကားကျွန်းအရှေ့ဘက်ရှိ အန်ကီနီဟေနီဇာမီနာမိုးသစ်တောသို့ အလုအယက်သွားရောက်လျက်ရှိကြောင်းသတင်းများတွင်ဖော်ပြထားသည်။

အရိုင်းသက်သက်ဖြစ်သော မိုးသစ်တောအတွင်း ကျောက်တူးသမားများသည် နီလာကျောက်များ ရှာဖွေရန်အတွက် သစ်တောအနှံ့အပြားတူးဆွရုံမျှမက မီးဖိုရန်အတွက်သစ်ပင်များ ခုတ်လှဲခြင်းနှင့် စားနပ်ရိက္ခာအတွက် တောတွင်းတိရစ္ဆာန်များ၊ အထူးသဖြင့် လီမာမျောက်များအား သတ်ဖြတ်နေကြောင်း သိရသည်။ အင်တာနက်။

ရုရှားတပ်ဖွဲ့ အမေရိကန်စစ်ဘက်၏ စစ်ရေးနည်းဗျူဟာများ လေ့လာမည်

မော်စကို ဧပြီ ၂၇

ရုရှားလေထီးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့များအကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်၌ လာမည့်မေလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ အာရ်တီသတင်းဌာနက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ အချုပ်အခြာပိုင်နက်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ရုရှားတပ်ဖွဲ့များကို ဖိတ်ခေါ်ခြင်းသည် ယခုပထမဆုံးအကြိမ်ဖြစ်သည်။

လေထီးဖြင့် မြေပြင်ဆင်းသက်ခြင်း၊ စစ်ဆင်ရေးစီမံချက်ချမှတ်ခြင်း၊ ထိုးစစ်ဆင်ခြင်း၊ ထောက်လှမ်းရေးနှင့် ရဟတ်ယာဉ်ဖြင့် နေရာရွှေ့ပြောင်းပေးမှုများအပါအဝင် အထူးစစ်ဆင်ရေးလုပ်ငန်းများ၌ အမေရိကန်တပ်ဖွဲ့ဝင်များ သုံးစွဲသော ကိရိယာတန်ဆာပလာများအား ထိန်းချုပ်ကိုင်တွယ်နိုင်ရေးကိုလည်း ရုရှားတပ်ဖွဲ့များက လေ့ကျင့်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မေ ၂၄ ရက်မှ ၃၁ ရက်အထိ လုပ်ဆောင်ရန် စီစဉ်ထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကာလမတိုင်မီ ရုရှားတပ်ဖွဲ့များသည် အမေရိကန်ကြည်းတပ်၏ ဖို့ကာဆင်စစ်စခန်း၌ အမေရိကန်စစ်ဘက်၏ စစ်လက်နက်ပစ္စည်း ကိုင်တွယ်အသုံးချမှုသင်တန်းတွင် ပါဝင်ကြမည်ဖြစ်သည်။ အင်တာနက်။

ကာဂျီစတန်နိုင်ငံ ဘစ်ရှ်ကက်ခ်မြို့တော်မှ ဒုတိယကမ္ဘာစစ်အထိမ်းအမှတ် အမတမီးရှူးတိုင်။

ကာဂျီစတန်နိုင်ငံ၏ ဒုတိယကမ္ဘာစစ်အထိမ်းအမှတ် အမတမီးရှူးတိုင် မီးငြိမ်းခဲ့

ဘစ်ရှ်ကက်ခ် ဧပြီ ၂၇

ကာဂျီစတန်နိုင်ငံ ဘစ်ရှ်ကက်ခ်မြို့တော်ရှိ ဒုတိယကမ္ဘာစစ်အတွင်းကျဆုံးခဲ့သူများ အထိမ်းအမှတ်ဖြစ်သည့် အမတမီးရှူးတိုင်သည် စွမ်းအင်ကုမ္ပဏီတစ်ခုက ဓာတ်ငွေ့ဖြည့်ဆည်းပေးပို့မှုဖြတ်တောက်ခဲ့ပြီးနောက် မီးငြိမ်းခဲ့ရကြောင်း ဧပြီ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

ဘစ်ရှ်ကက်ခ်မြို့တော်ရှိ အမြဲတောက်လောင်နေရမည့် အမတမီးရှူးတိုင်ကို ဒုတိယကမ္ဘာစစ်ကာလအတွင်း နာဇီဂျာမနီတပ်ဖွဲ့များအား ခုခံတိုက်ခိုက်ရင်း ကျဆုံးခဲ့ရသူများအတွက် ဂုဏ်ပြုသည့်အနေဖြင့် ဆိုဗီယက်ပြည်ထောင်စုခေတ်တွင် တည်ဆောက်ခဲ့သည်။

ပြဿနာတစ်ရပ်

အမတမီးရှူးတိုင် မီးငြိမ်းခဲ့ရခြင်းသည် ဗဟိုအာရှဒေသရှိ ဆိုဗီယက်ပြည်ထောင်စုဟောင်းဝင်နိုင်ငံများအနက် အဆင်းရဲဆုံးနိုင်ငံဖြစ်သော ကာဂျီစတန်အတွက် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ပြဿနာတစ်ရပ်ဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုဟောင်း တစ်နံတစ်လျားရှိ မြို့တော်အများအပြားသည် မည်သည့်အခါတွင်မှ မီးငြိမ်းခြင်းမရှိသည့် ဓာတ်ငွေ့သုံးမီးရှူးတိုင်များဖြင့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သူများအား ဂုဏ်ပြုထားသည်။

ဘစ်ရှ်ကက်ခ်မြို့တော်ရှိ အမတမီးရှူးတိုင်သည် နှစ်စဉ်မေလ ၉ရက်ရောက်တိုင်း ကျင်းပမြဲဖြစ်သည့် စစ်ရေးပြပွဲ၏ ဆုံချက်နေရာဖြစ်ပြီး ကာဂျီစတန်တပ်ဖွဲ့ဝင်များက ယင်းမီးရှူးတိုင်ကို အခါအားလျော်စွာစောင့်ရှောက်ပေးလေ့ရှိသည်။

မီးရှူးတိုင်သို့ ဓာတ်ငွေ့ပေးပို့မှုအတွက် ပေးချေရမည့် ယူရိုငွေ ၆၀၀၀ ကို အာဏာပိုင်များက ပေးချေသေးခြင်းမရှိသောကြောင့် ဓာတ်ငွေ့ပေးပို့မှုရပ်ဆိုင်းထားရခြင်းဖြစ်ကြောင်း ကာဂျီဂတ်စ်ဓာတ်ငွေ့ကုမ္ပဏီက ပြောကြားခဲ့သည်။

အင်တာနက်။

နာဇီခေါင်းဆောင် ဟစ်တလာ၏ "ကျွန်ုပ်၏ ရုန်းကန်မှုများ" စာအုပ် ပြန်လည်ပြင်ဆင် တည်းဖြတ်ထုတ်ဝေမည်ဟုဆို

မြူးနစ် ဧပြီ ၂၇

ဂျာမန် အမျိုးသား ဆိုရှယ်လစ်ပါတီ (နာဇီပါတီ) ခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာ ရေးသားခဲ့သော "ကျွန်ုပ်၏ရုန်းကန်မှုများ (Mein Kampf)"အမည်ရှိ စာအုပ်ကို ၎င်းသေဆုံးပြီး နှစ် ၇၀ အကြာတွင် အသစ်ပြင်ဆင်တည်းဖြတ်ကာ ရှင်းလင်းချက် အသစ်များဖြည့်စွက်၍ ထုတ်ဝေမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗေးရီးယားပြည်နယ်အစိုးရက ဧပြီ ၂၄ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ဟစ်တလာ၏ "ကျွန်ုပ်၏ ရုန်းကန်မှုများ" စာအုပ်ကို မူပိုင်ခွင့်ရရှိထားသော ဘာဗေးရီးယားပြည်နယ်သည် ယင်းစာအုပ်အား ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ချိန်မှစ၍ ဂျာမနီနိုင်ငံအတွင်း ထုတ်ဝေခွင့်မပေးခဲ့ပေ။ သို့ရာတွင် ဘာဗေးရီးယားပြည်နယ်၏ စာအုပ်မူပိုင်ခွင့်သက်တမ်းသည် ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ယင်းကာလနောက်ပိုင်း မည်သူမဆို လွတ်လပ်စွာပြန်လည်ထုတ်ဝေခွင့်ရလာမည်ဖြစ်ရာ နာဇီဝါဒီလက်သစ်များက ယင်းအခွင့်အရေးအား အသုံးချလာမည့်အရေး စိုးရိမ်ရသည်။

ဟစ်တလာ၏ "ကျွန်ုပ်၏ ရုန်းကန်မှုများ" စာအုပ်အား နာဇီဝါဒီလက်သစ်များက ဝါဒဖြန့်ချိရေးလက်နက်အဖြစ် အသုံးချလာမည်ကို ဒုတိယကမ္ဘာစစ်ကာလ နာဇီတပ်ဖွဲ့များ၏ လူမျိုးဖြုတ်သတ်ဖြတ်မှုများမှ လွတ်မြောက်လာသူများနှင့် ၎င်းတို့၏ မိသားစုများက စိုးရိမ်ပူပန်လျက်ရှိသည်။

နာဇီခေါင်းဆောင် ဟစ်တလာသည် "ကျွန်ုပ်၏ ရုန်းကန်မှုများ" စာအုပ်ကို ၁၉၂၄ ခုနှစ်အတွင်း ဘာဗေးရီးယားပြည်နယ် အကျဉ်းထောင်တစ်ခု၌ အကျဉ်းကျနေစဉ် ရေးသားခဲ့သည်။ ယင်းစာအုပ်တွင် အာရိယန်တို့၏ လူမျိုးရေးသွေးသန့်မှုဆိုင်ရာ ဟစ်တလာ၏အမြင်များနှင့် ဂျူးများနှင့် ကွန်မြူနစ်ဝါဒအပေါ် ၎င်း၏ အရိုးစွဲ မုန်းတီးမှုများအား ရေးသားဖော်ပြထားသည်။

အင်တာနက်။

တောင်ကိုရီးယားနှင့် ဂျပန်အကြား ပင်လယ်နာမည်ပြဿနာ မဖြေရှင်းနိုင်

ဆိုးလ် ဧပြီ ၂၇

မိုနာကိုနိုင်ငံ မွန်တီကာလိုမြို့၌ ကျင်းပသော နိုင်ငံတကာရေပုံဆိုင်ရာအဖွဲ့အစည်းတစ်ရပ်၏ အစည်းအဝေး၌ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို ပိုင်းခြားထားသည့် ပင်လယ်ရေပြင်အမည်နှင့် ပတ်သက်၍ အငြင်းပွားမှုများအား ဖြေရှင်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိကြောင်း ဧပြီ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ရေပုံရေးဆွဲသတ်မှတ်ရေးအဖွဲ့ချုပ်မှ အဖွဲ့ဝင်နိုင်ငံ အများအပြားသည် နာမည်အငြင်းပွားရေပြင်ကို "ဂျပန်ပင်လယ်(Sea of Japan)"ဟူ၍ သတ်မှတ်ရန် ဂျပန်နိုင်ငံ၏ အဆိုပြုချက်အား ကန့်ကွက်မဲပေးခဲ့ကြကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမည်အငြင်းပွား ပင်လယ်ရေပြင်နှင့်ပတ်သက်၍ သဘောတူညီချက် တစ်စုံတစ်ရာမရမချင်း ဂျပန်နိုင်ငံက အဆိုပြုခဲ့သော "ဂျပန်ပင်လယ်"ဟူသည့် အမည်နှင့် "အရှေ့ပင်လယ်" ဟူသောအမည်တို့အား ကမ္ဘာ့ရေပုံတွင် အတူယှဉ်တွဲဖော်ပြရန် တောင်ကိုရီးယားနိုင်ငံက လိုလားသည်။

အပြည်ပြည်ဆိုင်ရာ ရေပုံရေးဆွဲသတ်မှတ်ရေးအဖွဲ့ချုပ်၏ ငါးရက်ကြာအစည်းအဝေး နောက်ဆုံးရက်ဖြစ်သော ဧပြီ ၂၇ ရက်တွင် ပင်လယ်ရေပြင်ဆိုင်ရာ အမည်အငြင်းပွားမှုကို ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အား ပိုင်းခြားထားသော ပင်လယ်ရေပြင်အတွက် အမည်ဆိုင်ရာ အငြင်းပွားမှုသည် ၁၉၂၀ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည်။

တောင်ကိုရီးယားက ဒေါ့ခ်ဒိုဟုခေါ်၍ ဂျပန်တို့က တာကေရှီမဟုခေါ်သည့် ကျွန်းတန်းဆက်နှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသော အငြင်းပွားမှု၌ ပင်လယ်ရေပြင်အမည်ဆိုင်ရာပြဿနာမှာလည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။

အင်တာနက်။

အမေရိကန်နိုင်ငံအတွင်း ကျရောက်ခဲ့သည့် ဥက္ကာခဲ၏ ပေါက်ကွဲအား တီအင်န်တီ ၅ ကီလိုတန်နှင့်ညီမျှ

ဆက်ကရာမင်တို ဧပြီ ၂၇

ဧပြီ ၂၂ ရက်က အမေရိကန်ပြည်ထောင်စုအတွင်း ကျရောက်ခဲ့သော ရောမဥက္ကာခဲ၏ အစိတ်အပိုင်းများကို ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဧပြီ ၂၆ ရက်သတင်းများတွင် ဖော်ပြသည်။

ဥက္ကာခဲကျရောက်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော အစိတ်အပိုင်းငယ်များသည် တစ်ခုလျှင် အလေးချိန် ၁၀ ဂရမ်မျှရှိကြောင်း ကာလီဖိုးနီးယားတက္ကသိုလ်ဘူမိရူပနှင့် ဂြိုဟ်နက္ခတ်ဆိုင်ရာ ရူပဗေဒဌာနမှ ပညာရှင်တစ်ဦးက ပြောကြားသည်။

လူစီးကားငယ်တစ်စီးအရွယ်အစားမျှရှိကာ အလေးချိန် ကီလိုဂရမ် ၇၀၀၀၀ အထိ ရှိနိုင်သော ယင်းဥက္ကာခဲကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပေါက်ကွဲအားသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့အား ကြဲချခဲ့သော အဏုမြူဗုံးပေါက်ကွဲအား၏ သုံးပုံတစ်ပုံ(တီအင်န်တီ ငါးကီလိုတန်)မျှ ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို အမေရိကန်လေတပ်က ဒုတိယကမ္ဘာစစ်ကာလအတွင်း ကြဲချခဲ့သော အဏုမြူဗုံးသည် ပေါက်ကွဲအား တီအင်န်တီ ၁၅ ကီလိုတန်ရှိသည်။

အမေရိကန်ပြည်ထောင်စုအတွင်း ကျဆင်းခဲ့သော ဥက္ကာခဲသည် နေစကြဝဠာအဖွဲ့အစည်း စတင်ဖွဲ့စည်းသည့်ကာလ လွန်ခဲ့သည့်နှစ်ပေါင်း လေးဘီလီယံနှင့် ငါးဘီလီယံအကြား စတင်ဖြစ်တည်လာသည်ဟု ယူဆရကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ အင်တာနက်။

အမေရိကန်နိုင်ငံအတွင်း ကျရောက်ခဲ့သော ရောမဥက္ကာခဲ၏ အစိတ်အပိုင်းငယ်တစ်ရပ်ကို တွေ့ရစဉ်။

“မမ” သူရဲကောင်း

မိုးပေါ်မှအပ်တစ်ချောင်းနှင့် မြေပြင်မှအပ်တစ်ချောင်းထိတွေ့ရန်ထက် လူ့ဘဝ ရလာဖို့မှာ ပို၍မလွယ်ကူကြောင်း သိကြပါသည်။ ရရှိလာသောလူ့အသက်ကို မိမိ အသက်နှင့်ရင်းပြီး ကယ်တင်ခဲ့သည့်လုပ်ရပ်သည် အင်မတန်လေးစားဂုဏ်ယူဖွယ် ကောင်းသည်ဆိုလျှင် မှားမည်မထင်ပါ။

နေရာအနှံ့၊ ဒေသအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကို လည်းကောင်း၊ ရောဂါဘယဖြစ်ပွားမှုကိုလည်းကောင်း၊ ရုတ်တရက်ပေါ်ပေါက်လာ သော ဘေးအန္တရာယ်များကိုလည်းကောင်း လူသားအချင်းချင်း စာနာထောက်ထား သောစိတ်ဓာတ်ဖြင့် သူ့နည်းသူ့ဟန်ကယ်တင်ကာ ကောင်းကျိုးပြုလျက်ရှိကြသည်။ စာရေးသူ၏ပတ်ဝန်းကျင်တွင် ကြုံတွေ့ခဲ့ရသော မှတ်ကျောက်တင်ခံနိုင်သည့် ဖြစ်ရပ်မှန် ဖြစ်စဉ်တစ်ခုအား တင်ပြလိုပါသည်။

၁၀-၄-၂၀၁၂ ရက်တွင် မော်လမြိုင်မှရန်ကုန်သို့ထွက်ခွာလာသည့် အမှတ် (၁၇၆)အစုန်ရထားသည် ဒါးပိန်ဘူတာသို့မရောက်မီ ၁၀း၁၂ နာရီအချိန်၌ ပေ ၁၂၀ အရှည်ရှိတံတားပေါ်တွင် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ပါသည်။ မော်လမြိုင်ဘူတာမှ ည ၁၂ နာရီအချိန်ထွက်ခွာလာသော ထားဝယ်-မော်လမြိုင်-ရန်ကုန်ရထားသည် စက်ခေါင်း၏ နောက်တွင် တွဲ ၁၀ တွဲ ချိတ်ဆက်လျက် စက်ခေါင်းမောင်း၏ဦးဆောင် မောင်းနှင်ခေါ်ယူမှုအောက်တွင် သတ်မှတ်အမြန်နှုန်းဖြင့် ခုတ်မောင်းလျက်ရှိရာ ရထား သံလမ်းပေါ်မလွတ်ကင်းသည့် လူ/တိရစ္ဆာန်များတွေ့ရှိရပါက ဥသြဆွဲသတိပေးခြင်း ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ခဲ့ပေသည်။ ရထားလာသည်ကို တွေ့မြင် ကြားသိလျှင်လည်း ရထားသံလမ်းပေါ်တွင်ရှိနေသော လူ/တိရစ္ဆာန်များသည် ရထား ရောက်မလာမီအချိန်အတွင်း ရှင်းလင်းသွားသည်သာဖြစ်ပါသည်။ သို့ရာတွင် တစ်ကြိမ်တစ်ခါ၌ ရထားလမ်းပေါ်မှဆင်းမသွားသည့်လူနှစ်ဦးကို စက်ခေါင်းမောင်း သည် ခပ်လှမ်းလှမ်းမှတွေ့မြင်ရချိန်တွင် ရထားအားအရှိန်လျှော့ပြီး စက်ခေါင်းဘရိတ် နှင့်အရေးပေါ်ဘရိတ် (Emergency Brake)တို့ကိုအသုံးပြုကာ ရထားရပ်တန့် နိုင်ရေးဆောင်ရွက်ခဲ့ရသည်။ ရထားမောင်းနှင်ရာတွင် အရေးပေါ်အခြေအနေမှအပ Emergency Brake ကို အသုံးပြုခဲသည်။ ထိုသို့အသုံးပြုပါက အရှိန်နှင့်သွားနေသော ရထားသည် တွဲဆိုင်းများ၏ တုံ့ဆိုင်း/တွန်းကန်မှုများကြောင့် တွဲဆိုင်းများပြတ်၍ အန္တရာယ်ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။ တစ်ဖက်ရထားလမ်းပေါ်တွင်ရှိသော လူနှစ်ယောက်၏အခြေအနေမှာလည်း ကန့်သတ်ချက်ရှိနေပြန်ပါသည်။ ဤကန့် သတ်ချက်မှာ ရထားကိုအဝေးမှ စောစီးစွာမမြင်ခဲ့ခြင်း၊ ပေ ၁၂၀ အရှည်ရှိသော တံတားအလယ်တွင် ရောက်ရှိနေခြင်း၊ ဘေးသို့ရှောင်ရန်နေရာမရှိဘဲ တံတားပေါ်မှ ၁၂ ပေခန့်အမြင့်ရှိ ရေထဲသို့ခုန်ချရမည်ဖြစ်ခြင်း၊ တံတားအောက်ရှိ ချောင်းရေအနက် မည်မျှရှိသည်ကို မခန့်မှန်းနိုင်ခြင်းစသည့် ကန့်သတ်ချက်များရှိနေပါသည်။ ပိုဆိုး သည်မှာ (နောင်မှသိရသည်မှာ)၎င်းနှစ်ဦးအနက် တစ်ဦးမှာအသက် (၆၂)နှစ်အရွယ် အဘွားဖြစ်သူနှင့် တစ်ဦးမှာ အသက် (၈) နှစ်ခန့်အရွယ်ရှိ မြေးတော်စပ်သူတို့ ဖြစ်နေ ခြင်းပင်။

၎င်းမြေးအဘွားနှစ်ဦးသည် မိန်းမသားဖြစ်သည့်အပြင် အသက်အရွယ်ကြီးရင့်သူ နှင့်လူမမည်အရွယ်ကလေးငယ်ဖြစ်နေသဖြင့် တံတားပေါ်မှခုန်ချရန် မည်သို့မျှ မစွမ်း သာတော့ဘဲ ရထားတိုက်ခံရတော့မည့်အခြေအနေကိုသိရှိကာ ကြောက်ရွံ့တုန်လှုပ် သည့်စိတ်ဖြင့် မြေးအဘွားနှစ်ဦး တစ်ဦးနှင့်တစ်ဦးတင်းကျပ်စွာဖက်ထားကာ ၎င်းတို့ ထံသို့ တဖြည်းဖြည်းနီးကပ်လာသည့် ရထားစက်ခေါင်းအား မျှော်လင့်ချက်ကင်းမဲ့စွာ ကြည့်နေခဲ့သည့်မြင်ကွင်းမှာ ရုပ်ရှင်မဟုတ်၊ တကယ့်အဖြစ်အပျက်ဖြစ်ခဲ့ပါသည်။ ရထား ၏သဘောသဘာဝမှာလည်း မော်တော်ကားလို ချက်ချင်းဘရိတ်ဖမ်းရပ်တန့်၍မရ၊ အတိုင်းအတာတစ်ခုရောက်မှသာ ရပ်တန့်နိုင်ပေသည်။ စက်ခေါင်းမောင်း၏ သတိ ကြီးစွာမောင်းနှင်မှုနှင့် ဘရိတ်ဖမ်းမှုကြောင့် အရှိန်ရပ်တန့်သွားသော်လည်း တံတား ပေါ်တွင်သွားနေသော ရထား၏မိုင်နှုန်းမှာ ခုနစ်မိုင်နှုန်းခန့်ကျန်ရှိနေသဖြင့် မြေးအဘွား နှစ်ဦးမဖယ်လျှင် တိုက်သွားမည့် အခြေအနေတွင်ရှိခဲ့ပါသည်။ ဤသို့ဆိုလျှင် စက္ကန့်ပိုင်းအတွင်းမှာ သွေးသံတရဲရဲဖြင့် အနိဋ္ဌာရုံမြင်ကွင်းဖြစ်ပေါ်လာနိုင်ပေသည်။

ဤအခြေအနေတွင် စက်ခေါင်းမှူးလက်ထောက်(စက်ခေါင်းမောင်းအကူ)သည် ကိုယ်ချင်းစာစိတ်ဖြင့် စက်ခေါင်းအတွင်းမှထွက်၍ စက်ခေါင်း၏လက်ကိုင်တန်း (Hand Rail)မှတစ်ဆင့် စက်ခေါင်းရှေ့ရှိ တွဲချိတ်သည့်နေရာ(Buffer Hand)ပေါ်သို့ ခက်ခဲစွာတွယ်ဖက်တက်ရောက်ပြီး ရထားရှေ့မှသံလမ်းပေါ်သို့ခုန်ဆင်းကာ ရထား ရှေ့မှပြေး၍ မြေးအဘွားနှစ်ဦးအား တံတားပေါ်မှတွန်းဖယ်ကယ်တင်ခဲ့ပေသည်။ ဤနေရာတွင် စက်ခေါင်းမှူးလက်ထောက်သည် တွေဝေနေလျှင်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်နောက်ကျနေလျှင်သော်လည်းကောင်း မြေးအဘွားနှစ်ဦး၏ကံကြမ္မာမှာ မတွေး ဝံ့ပေ။ ၎င်းကိုယ်တိုင်လည်း ရထားရှေ့မှကြိုပြေးရသည်ဖြစ်ရာ ခလုတ်တိုက်လဲလျှင် သော်လည်းကောင်း၊ ဟန်ချက်ပျက်၍ ရထားပေါ်မှကျလျှင်သော်လည်းကောင်း၊ ရထားရှေ့မှလွတ်အောင်မပြေးနိုင်လျှင်သော်လည်းကောင်း မြေးအဘွားကိုကယ်တင်ဖို့ အခွင့်အရေးထက် မိမိကိုယ်တိုင်ပင်လျှင် ရထားကြိတ်ခံရမှုကြောင့် အရိုးတခြား၊ အသားတခြားဖြစ်သွားနိုင်ပေသည်။

မြေးအဘွားနှစ်ဦးနှင့် စက်ခေါင်းမှူးလက်ထောက်သည် ရေထဲကျသွားသော် လည်း ကံတရားအရသော်လည်းကောင်း၊ ဝိုင်းဝန်းဆယ်ယူပေးမှုအရသော်လည်း ကောင်း အသက်ရှင်ရန် အခွင့်အလမ်းများပါသည်။ ရထားလမ်းပေါ် ရထားအကြိတ်ခံ ရလျှင်ကား အသက်ရှင်ရန်အခွင့်အလမ်းမရှိနိုင်ပေ။ ဤဖြစ်စဉ်တွင်လည်း စက်ခေါင်း နောက်တွဲမှ လုံခြုံရေးလိုက်ပါလာသော ရထားရဲများနှင့်ခရီးသည်များမှ ရေထဲသို့ ကျသွားသော အဘွားအို၊ မြေးမလေးနှင့် စက်ခေါင်းမှူးလက်ထောက်တို့ကို ဝိုင်းဝန်း ဆယ်ယူကူညီပေးမှုကြောင့် သုံးဦးစလုံးအသက်ချမ်းသာရာရခဲ့ပါသည်။ ရထားသည် လည်း မြေးအဘွားနှစ်ဦးရပ်နေသည့် နေရာကိုကျော်လွန်ပြီး ပေ ၄၀ အကွာနေရာ တံတားတစ်ဖက်ကမ်းသို့ရောက်သည့်နေရာတွင် ရပ်တန့်သွားခဲ့ပါသည်။

ဖြစ်စဉ်ကိုလေ့လာပါက ရထားလမ်းတစ်လျှောက်နေထိုင်သူ ပြည်သူများသည် ရထားလမ်းနှင့်တံတားများဖြတ်ကူးရာတွင် သတိနှင့်ဖြတ်ကူးရန်၊ ရထားလမ်းပတ်ဝန်း ကျင်၌သွားလာရာတွင် တစ်ကြိမ်တစ်ခါသာမဟုတ်ဘဲ အမြဲတမ်းသတိပြုသွားလာ နိုင်ပါရန် နှိုးဆော်အပ်ပါသည်။ ပြည်သူများလိုက်နာဆောင်ရွက်သင့်သည့် အချက် များကိုလည်း မြန်မာ့မီးရထားဘူတာရုံများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အသိပေးကြေညာထားပြီးဖြစ်ရာ ပြည်သူများမှဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရထားစက်ခေါင်းမောင်းများသည်လည်း ယခုစက်ခေါင်းမောင်းကဲ့သို့ အမြဲသတိ ရှိမောင်းနှင်ပြီး ရထားလမ်းပေါ်မှ လူများ၏အသက်ကိုကယ်တင်နိုင်ရန်၊ ရထားဖြင့် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများ၏အသက်သည်လည်း စက်ခေါင်း မောင်း၏လက်ထဲတွင်ရှိပေရာ လမ်းကြောင်းတစ်လျှောက် တွေ့ကြုံလာမည့်အန္တရာယ် များကိုသတိရှိစွာဖြင့် ရင်ဆိုင်ဖြေရှင်းခြင်း၊ ကြိုတင်ကာကွယ်သွားခြင်းဖြင့် ခရီးသည် များ ဘေးအန္တရာယ်ကင်းရှင်းမှုကို ဆောင်ရွက်သွားကြရပေမည်။

စက်ခေါင်းမှူးလက်ထောက်(စက်ခေါင်းမောင်းအကူ)ကဲ့သို့ အရေးကြုံလာလျှင် “ကိုယ်ချင်းစာနာစိတ်၊ မီးရထားစိတ်ဓာတ်”ဖြင့် အသက်ပေး၍ ကာကွယ်ပေးလိုသည့် စိတ်ဓာတ်များလည်း ရှိနေရန်လိုအပ်ပါသည်။ အားလုံးမှ ဤသို့သော စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာဆောင်ရွက်သွားမည်ဆိုလျှင် မြန်မာ့မီးရထားသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ရှေ့သို့တက်လှမ်းတိုးတက်လာနိုင်မည်ဖြစ်ပေသည်။

ဖြစ်စဉ်တွင် အသက်စွန့်ကယ်တင်ခဲ့သော စက်ခေါင်းမှူးလက်ထောက်နှင့် စက်ခေါင်းမောင်းတို့အားဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုငွေ ငါးသိန်းချီးမြှင့်ခဲ့သလို မြန်မာ့မီးရထားကလည်း မေလ ၁ ရက်နေ့တွင် ကျရောက်မည့် (၁၃၅)နှစ်မြောက် မြန်မာ့မီးရထားနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေများထိုက်တန်စွာ ချီးမြှင့်သွား မည်ဖြစ်ပါသည်။

စက်ခေါင်းမှူးလက်ထောက်ကဲ့သို့သော ဦးဆောင်လမ်းပြပေးခဲ့သည့် ပုဂ္ဂိုလ်မျိုး အား **“မြန်မာ့မီးရထား၏ သူရဲကောင်း”**၊ **“မမ”သူရဲကောင်း**အဖြစ် ဂုဏ်ပြုပြောဆို လိုပေသည်။ စာရေးသူအနေဖြင့် မိမိနိုင်ငံတွင် **“မမ” သူရဲကောင်းများ** အများအပြား ပေါ်ထွက်လာစေကြောင်းဆန္ဒပြုရင်း . . .။ ။

ဦးသူရိန်(ဘားအံ)

အသက်ဘေးမှ လွတ်မြောက်လာသော လက်ပံတန်းကျေးရွာ ဒါးပိန်မြောက်ပိုင်းနေ ဒေါ်မြင့်ကြည် (၆၂)နှစ်နှင့် မြေးဖြစ်သူ မသဲစုဝေ (၈) နှစ်တို့အား တွေ့ရစဉ်။

စက်ခေါင်းမှူး ဦးမင်းထွန်း (၄၈)နှစ် (ဝဲ)နှင့် အသက်စွန့်ကယ်တင်ခဲ့သူ စက်ခေါင်းမှူး လက်ထောက်(၁) ဦးဌေးနိုင်(၃၉) နှစ်(ယာ)တို့အား တွေ့ရစဉ်။

ယာဉ်လုပ်သားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးအတွက် မွမ်းမံသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၇

မထသ(ဗဟို)အနေဖြင့် ယာဉ်လုပ်သားများဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးတိုးတက်ရေးတို့အတွက် မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာ ဧပြီ ၂၇ ရက်တွင် မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၁၂)ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဧပြီ ၂၅ ရက်ကကျင်းပသော မီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲမှ သိရသည်။

ယင်းသင်တန်းတွင် သင်တန်းသား ၁၀၀ ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ယာဉ်လုပ်သားများ အရည်အသွေး ထက်မြက်မှုအထောက်အကူပြုရန် ပြင်ပသင်ခန်းစာအနေဖြင့် CNG သဘာဝဓာတ်ငွေ့သုံးစွဲမှုအကြောင်းကိုလည်း ပြင်ပတာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ သင်တန်းများဖွင့်လှစ်ပို့ချခြင်းကြောင့် ယာဉ်တိုက်ခိုက်မှုဖြစ်ကာ ထိခိုက်သေဆုံးမှု လျော့ပါးလာစေရန်ဖြစ်ပြီး Road Safety ကိုလည်း ဖော်ဆောင်ရာရောက်စေမှာ ဖြစ်ကြောင်းနှင့်ယာဉ်လုပ်သားများ၏ ဝန်ဆောင်မှုအပိုင်းတွင် မြင့်မားတိုးတက်မှုများ ရှိစေမည်ဖြစ်ကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လွန်ခဲ့သော သကြၤန်ကာလများအတွင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိရေး၊ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုမဖြစ်ပွားရေး၊ စည်းကမ်းစနစ်တကျရှိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ကွပ်ကဲလျက်ရှိရာ ယာဉ်တိမ်းမှောက်မှုတစ်ကြိမ်ဖြစ်ပွား၍ သေဆုံးသူသုံးဦးနှင့်ဒဏ်ရာရသူ ၁၀ ဦးရှိခဲ့ပြီး လွန်ခဲ့သောနှစ်ကထက် ဒဏ်ရာရရှိသူ ၃၄ ဦး လျော့နည်းခဲ့ကြောင်း သိရသည်။ (၆၈၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၄-၂၀၁၂ (စနေနေ့)

၅း၄၀	“ကောင်းမှုတစ်ခုနေ့စဉ်ပြု” တရားတော် (ဆရာတော်ဒေါက်တာအရှင်ကိတ္တိဗလ)
၉း၁၅	Indian Education Expo 2012
၉း၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀	တတိယအကြိမ်မြောက် မန္တလေး အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲ
၁၀း၂၅	သွားမယ်စားမယ် (AD Garden)
၁၂း၁၅	ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ ဝိဇ္ဇာတနှင့် အဘိဓမ္မာရေ သင်တန်းဆင်းပွဲ
၂း၂၀	မဇ္ဈိမဒေသရှိ နေရာထူးများ
၅း၁၀	I Got It
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပုံပြောကောင်းတဲ့ချစ်သူ” (အပိုင်း-၂၆)**
၆း၁၅	ရန်ကုန်မြင်ကွင်းကျယ် (MRTV-4 တွင် ပထမဆုံးပြသမည့် မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sing of Love အချစ်သင်္ကေတ စာနယ်ဇင်းရှင်းလင်းပွဲ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၆)**
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၂၀)**
၁၀း၅၅	Barclays Premier League (Norwich Vs Liverpool)
၂း၅၅	ထန်းသမားတို့ဘဝ

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Stoke City - Arsenal	(ESPN)
၈း၂၅	Wigan - Newcastle	(Star Sports)
၁၀း၅၅	Norwich - Liverpool	(ESPN) (MRTV-4)

*** ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။**

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ကိစ္စရပ်များကို မတ် ၂၀ ရက်က မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးလွင်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ (မြို့နယ်လဝက)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်းစီစဉ်မှု၊ **ငွေဇာပုလဲ ကုမ္ပဏီလီမိတက်နှင့် ထူးသစ်အစာ တောင့်စက်ရုံ**တို့၏ ကူညီပံ့ပိုးမှုဖြင့် ဧပြီ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က “၂၀၁၂ ခုနှစ်အတွက် ရာသီဥတုအလားအလာကို သိပ္ပံနည်းကျဆန်းစစ်လေ့လာခြင်း”**''Weather Outlook for 2012 and the ScientificAssignment''**ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြသည်။ (ဝင်းကြိုင်)

ဥတုရာသီ တောကိုမှီ

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များလာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဗီယက်နမ်နိုင်ငံ Petrovietnam ကုမ္ပဏီ Vice President Mr. Vu Quang Nam လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော်　ဧပြီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဗီယက်နမ်နိုင်ငံ Petrovietnam ကုမ္ပဏီ Vice President Mr. Vu Quang Nam ဦးဆောင်သော အဖွဲ့သည် ဧပြီ ၂၆ ရက် ညနေပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ၌ လိုအပ်သော အထောက်အကူပြုလုပ်ငန်းများတွင် Petrovietnam ကုမ္ပဏီက နိုင်ငံတကာကုမ္ပဏီများနည်းတူ ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီ CEO Mr. Anon Sirisaengtaksin ဦးဆောင်သော အဖွဲ့သည် လာရောက်တွေ့ဆုံပြီး မုတ္တမကမ်းလွန်လုပ်ကွက် M-9 ရှိ ဇော်တိကစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကုန်းတွင်း ရေနံရှာဖွေရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မည့် အခြေအနေများနှင့် Petroleum Economic နှင့်ပတ်သက်သော နည်းပညာဖွံ့ဖြိုးရေးအတွက် PTTEP ကုမ္ပဏီမှ ပံ့ပိုးပေးမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန**
(က)	ဦးသန်းအောင်	ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ခ)	ဦးခင်မောင်ဝင်း	ဦးဆောင်ညွှန်ကြားရေးမှူး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဂ)	ဦးဌေးအောင်	ညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်ခင်ကြည်ပြာအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏများ ပိုမိုများပြားလာသော်လည်း အများပြည်သူများ ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် ဦးစားပေးပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော်　ဧပြီ ၂၇

နိုင်ငံအတွင်းမီးသုံးစွဲသူဦးရေ တိုးတက်များပြားလာခြင်း၊ နိုင်ငံ/ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ တိုးတက်များပြားလာခြင်း၊ နွေရာသီ အပူချိန်မြင့်မားသဖြင့် ရေခဲသေတ္တာနှင့် လေအေးပေးစက်များ ပိုမိုသုံးစွဲလာခြင်းအပြင် ရေခဲစက်များ ပိုမိုလည်ပတ်လာရခြင်းတို့ကြောင့် ဓာတ်အားလိုအပ်ချက်မှာ မြင့်မားလျက်ရှိရာ တစ်နိုင်ငံလုံးဓာတ်အားလိုအပ်ချက်မှာ ၁၈၉၀ မဂ္ဂါဝပ်အထိ တိုးမြင့်လာပြီး ဓာတ်အားဖြန့်ဝေနိုင်မှုမှာ ၁၅၀၀ မဂ္ဂါဝပ်သာရှိခဲ့သည်။

ထိုသို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပိုမိုများပြားလာခြင်းကြောင့် ပြည်သူများလျှပ်စစ်ဓာတ်အားကို ညီမျှစွာ ရရှိစေရေးအတွက် ဧပြီလမှစ၍ အလှည့်ကျ ဝန်အားလျှော့စနစ်ကို အသုံးပြု၍ ဓာတ်အားဖြန့်ဖြူးခဲ့ရာမှ ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တွင်း မြို့နယ်များအား ၂၄ နာရီစနစ်ဖြင့်လည်းကောင်း၊ မန္တလေးခရိုင်အပါအဝင် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မြို့နယ်အသီးသီးအလိုက် အုပ်စု(၃)စုခွဲ၍ အုပ်စုတစ်စုလျှင် ၆ နာရီသာ အလှည့်ကျ ဓာတ်အားဖြတ်ထားရကြောင်း၊ ထိုသို့ ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ဓာတ်အားပိတ်ထား၍လည်းကောင်း၊ စက်မှုဇုန်များတွင် အုပ်စု(၂)စုခွဲ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အုပ်စုတစ်စုနှင့် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အုပ်စုတစ်စုစသည်ဖြင့် အုပ်စု(၂)စုခွဲကာ အလှည့်ကျ စနစ်ဖြင့်လည်းကောင်း၊ ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ စက်မှုဇုန်အားလုံးကို ဓာတ်အားပိတ်၍လည်းကောင်း၊ သံရည်ကျိုလုပ်ငန်းများ၊ ရပ်ကွက်အတွင်းရှိ စက်မှုလုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းအားလုံးကို ညနေ ၅ နာရီ မှ ည ၁၁ နာရီအထိ လျှပ်စစ်ဓာတ်အားပိတ်၍လည်းကောင်း စနစ်တကျဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ယခုထက်ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် စက်များကြံ့ခိုင်မှုတိုးတက်အောင် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းသို့အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးခြင်းမှာလည်း ယာယီအခိုက်အတန့်သာဖြစ်ပြီး မကြာမီကာလအတွင်း ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးသွားနိုင်ရေး စီစဉ်လျက်ရှိကြောင်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာဇာတ်ကားသစ် ရင်ကွဲနာရုံတင်

ရန်ကုန်　ဧပြီ ၂၇

မြန်မာရုပ်ရှင်ဇာတ်ကားသစ် မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ဧပြီ ၂၇ ရက် (သောကြာ)နေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ-၁ သိမ်ကြီးဈေးရုံတို့တွင် သရဝဏ်ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးထုတ်လုပ်ဖြန့်ချိရေးမှ ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာ မင်းအုပ်စိုး၊ တွဲဖက်ဒါရိုက်တာ နန္ဒကျော်၊ ကျော်မင်းမောင်တို့၏ ရင်ကွဲနာဇာတ်ကား ရုံတင်ပြသသည်။

ရင်ကွဲနာဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

မိဘနှစ်ပါး မမျှော်လင့်ဘဲ ကွယ်လွန်သွားရာမှ ကျန်ရစ်သူ ညီအစ်ကိုမောင်နှမသုံးဦးအနက် အစ်ကိုကြီးဖြစ်သူမှ လူမမည်ကျောင်းသားဘဝမှာပင် ညီငယ်ညီမငယ်တို့အား ရုန်းကန်ကျွေးမွေးခဲ့ပုံ၊ နောက်ဆုံး အတောင်အလက်စုံ၍ ညီငယ်၊ ညီမငယ်များ အိမ်ထောင်ခွဲများ ဖြစ်သည်အထိ မဖြတ်နိုင်သော သံယောဇဉ်ကြောင့် ရင်ကွဲနာကျ ကွယ်လွန်ခဲ့ရပုံတို့ကို ဒါရိုက်တာက ပရိသတ်လွမ်းတသသ ဖြစ်စေရန် ရိုက်ကူးတင်ပြထားသည့် ဇာတ်ကားတစ်ကား ဖြစ်သည်။ ရန်အောင်၊ နေထူးနိုင်၊ ထိုက်တန်၊ မင်းအုပ်စိုး၊ မြတ်ကေသီအောင်၊ ဇူဇူမောင်၊ ချစ်စနိုးဦး၊ ချိုပြုံးနှင့် ကုသိုလ်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

မင်္ဂလာ(၂) ဒဂုံစင်တာတွင် နိုင်ငံခြားရုပ်ရှင် FLYING SWORDS OF DRAGON GATE (3D)၊ ရွှေဆောင်ရုံတွင် THIS MEANS WAR နှင့် နေပြည်တော်ရုံတွင် THE HUNGER GAMES ဇာတ်ကားများ ဆက်လက်ပြသလျက် ရှိသည်။

သူ့အမြင် သူ့အတွေး

ဖြစ်စေချင်တာ ဒီလိုပါ

တိုကျိုမြို့တော်ကြီး သန့်ရှင်းနေသည်မှာ စည်ပင်မှ အမြဲတမ်းအမှိုက်လိုက်လှည်းနေ၍ သန့်ရှင်းနေသည် မဟုတ်ပါ။ ပြည်သူတစ်ဦးချင်း၏ အသိပညာ မြင့်မားနေ၍ မိမိအမှိုက်ကို တွေ့ကရာ နေရာမှာ ပစ်ချမထားခဲ့ဘဲ အမှိုက်စိုကို အမှိုက်စိုပုံးမှာလည်းကောင်း၊ အမှိုက်ခြောက်ကို အမှိုက်ခြောက်ပုံးမှာလည်းကောင်း၊ ပုလင်း၊ သံဘူးကို ပုလင်း၊ သံဘူးအမှိုက်ပုံးမှာလည်းကောင်း စနစ်တကျ စွန့်ပစ်ကြ၍ မြို့တော်လမ်းမများပေါ်မှာ အမှိုက်များ မတွေ့ရခြင်းဖြစ်သည်။

စည်ပင်၏ တာဝန်မှာ အမှိုက်လိုက်လှည်းဖို့မဟုတ်ဘဲ စနစ်တကျစွန့်ပစ်ကြရန်အတွက် အမှိုက်ပုံးများကို နေရာအနှံ့ထားရှိပေးခြင်း၊ ပြန်၍သိမ်းဆည်းပေးခြင်း၊ အမှိုက်သိမ်းချိန်ကို နာရီနှင့်သတ်မှတ်၍ရုံးဆင်းချိန်နောက်ပိုင်းနှင့် ညပိုင်းများတွင် ရပ်ကွက်အတွင်း လိုက်လံသိမ်းဆည်းခြင်းတို့ကိုသာ လုပ်ဆောင်ပါသည်။

စည်းကမ်းရှိ၍ ကိုယ့်မြို့တော်ကို သန့်ရှင်းနေတာမြင်ချင်သူများက မိမိအမှိုက်ကို စည်းကမ်းတကျ စွန့်ပစ်ရန်အတွက် နီးစပ်ရာအမှိုက်ပုံးကို ရှာ၍ ပစ်မှာဖြစ်သည်။ စည်ပင်ကလည်း အမှိုက်စွန့်ပစ်ရမည့်နေရာ ဈေး၊ ကျောင်း၊ ဆိပ်ကမ်း၊ ဘူတာ၊ ကားမှတ်တိုင်များအနီးတွင် အမှိုက်စို၊ အမှိုက်ခြောက်၊ ပုလင်း၊ ဘူးခွံ၊ အမှိုက်ပုံးများကို ထားပေးရမည်။ အပြန်အလှန်ကူညီရမည်။ တစ်ဦးကိုတစ်ဦး အပြစ်တင်ရန် လွှဲချရန် မဟုတ်ပါ။

ထိုသို့ သန့်ရှင်းမှုနှင့် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရန် စောင့်ရှောက်လိုသူများသည် စာများများဖတ်သူ၊ ဗဟုသုတရှိသူများဖြစ်ပါသည်။ မိမိစားပြီးသား၊ သောက်ပြီးသားအမှိုက်ခွံများကို တွေ့ကရာလမ်းပေါ်၊ မြောင်းထဲ၊ နောက်ဖေးလမ်းကြားများသို့ စွန့်ပစ်သူအများစုမှာ ဗဟုသုတနည်း၍ စာမဖတ်သူများပါသည်။ ဂျာနယ်တွေက ဘယ်လောက်ရေးရေး သူတို့မသိပါ။ ထို့ကြောင့် စာဖတ်များသည့်အိမ်မှ လူကြီးများက မိမိအိမ်မှကလေးများ၊ အိမ်ရှင်မများ၊ အိမ်အကူများကိုလည်းကောင်း၊ ရုံးမှ ဝန်ထမ်းများအားလည်းကောင်း မိမိဖတ်ထားသည့်စာပေဗဟုသုတများကို ပြန်လည်၍ ရှင်းပြခြင်း၊ ဖတ်ပြခြင်းများ ပြုလုပ်ခြင်းဖြင့် မသိနားမလည်၍ ပြုလုပ်သူများကို ကူညီရာရောက်ပါသည်။ နိုင်ငံကြီးသားပီသစေပါသည်။

ပလတ်စတစ်နှင့် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်သဖြင့် မြောင်းပိတ်၊ ခြင်ပွား၍ ငှက်ဖျားဖြစ်နိုင်၊ မြေဆီလွှာပိတ်၍ အပင်များမရှင်သန်နိုင်၊ နောက်ဖေးလမ်းကြားစားကြွင်းစာကျန်ကြောင့် ကြွက်ပေါ်၍ ပုလိပ်ရောဂါရနိုင်၊ ခွေးလေခွေးလွင့်ပေါ်၍ ခွေးရူးရောဂါရနိုင် စသည့် အကြမ်းဖျင်း အခြေခံအချက်များလောက်တော့ အားလုံးသိထားသင့်သည်။ သို့မှသာ အမှိုက်စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ကြမည်။ မြို့တော်လည်း သန့်ရှင်းသာယာလှပလာမည်။ စွန့်ပစ်မည့်သူများက မကောင်းကျိုးသိ၍ စည်းကမ်းလိုက်နာမည်ဟု ကြိုးစားကြချိန်တွင် စည်ပင်ကလည်း အမှိုက်ပစ်ရမည့်နေရာများ၊ အမှိုက်ပုံးများကို လူသွားလူလာများသည့်နေရာများတွင် စီစဉ်နေရာချထားပေးရမည်။ အချိန်မှန်သိမ်းဆည်းပေးရမည်။ ဒါမှသာ တွေ့ကရာပစ်တတ်သည့် သူများစည်းကမ်းရှိလာမည်။ သို့မဟုတ်ပါက အမှိုက်ပုံးရှာမရလို့၊ အမှိုက်လာမသိမ်းလို့ဆိုတဲ့ ဆင်ခြေစကားဖြင့် စည်းကမ်းမဲ့နေကြဦးမှာ ဖြစ်ပါသည်။

တိုကျိုရှိ သက်ကြီးရွယ်အိုအိမ်စောင့်အဘိုးအဘွားများသည် မိမိအိမ်၏ အရှေ့၊ အနောက်၊ ဘေးဝဲ၊ ယာရှိ လေလွင့်အမှိုက်များ၊ သစ်ရွက်ကြွေများကို နံနက်တစ်ခါ ညနေတစ်ခါထွက်၍ သိမ်းဆည်းသန့်ရှင်းကြသည်။ လမ်းအတွင်း စည်ပင်အမှိုက်လှည်းသမားမရှိပါ။ ရေမြောင်းအားလုံး မြောင်းအဖုံးများရှိနေသဖြင့် အမှိုက်များမြောင်းအတွင်းသို့ မကျနိုင်တော့ပါ။ မြောင်းမပိတ်ပါ။ ခြင်မပေါက်ပါ။ မြောင်းအဖုံးဖိုးချွေတာပြီး မပိတ်ထားပါက ခြင်းပေါက်ပွားပြီး ငှက်ဖျား၊ သွေးလွန်တုပ်ကွေးအစရှိသည့် ခြင်မှတစ်ဆင့်ကူးစက်ရောဂါများအဖြစ်များ၍ ဆေးဖိုးတွင်တစ်ဖက်က ပြန်ကုန်ကျမှာဖြစ်ပါသည်။ မချွေတာသင့်တာကို ချွေတာ၍မရပါ။ သွေးလွန်တုပ်ကွေးဖြစ်သည်ဆိုမှ ရပ်ကွက်အတွင်း ခြင်ဆေးလိုက်မှုတ်နေသည်ထက် မဖြစ်အောင် ကာကွယ်ကြတာက ပိုကောင်းပါသည်။ မြောင်းများကို ရေစီးရေလာကောင်းအောင် အရင်ဆုံး အမှိုက်ဆယ်၊ သန့်ရှင်းရေးလုပ်ပြီး မြောင်းဖုံးများဖြင့် အပြည့်ဖုံးအုပ်ထားလိုက်ပါက နောင်တွင် အမှိုက်ကြောင့် မြောင်းပိတ်သည့် ဒုက္ခမှ လွတ်ကင်း၍ ကျန်းမာရေးအတွက်ပါ ကောင်းလာနိုင်ပါသည်။ ရရှိသည့်ဝင်ငွေကို ကျန်းမာရေးကြောင့် အပိုကုန်ကျမှုချွေတာနိုင်ပါမည်။ အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်နှစ်ခုကြားရှိ သီတာရုပ်ရှင်ရုံအနီး ရေမြောင်းကြီးအတွင်းတွင် မြောင်းနံဘေးစတိုးဆိုင်မှ ဖော့ဘူးအခွံများ ပစ်ချထားသည်မှာ မြောင်းကြီးအပြည့်ဖြစ်နေသည်ကို နံနက်လမ်းလျှောက်ရင်း တွေ့ခဲ့ရပါသည်။ တော်တော်စိတ်မကောင်း ဖြစ်မိသည်။ မိုးရာသီရောက်လျှင် ရန်ကုန်မြစ်အတွင်းသို့ ယင်းအမှိုက်များ စီးဆင်းသွားတော့မှာမလွဲပေ။ စက်တပ်လှေသမ္ဗန်များ ပန်ကာနှင့်ငြိပါက တိမ်းမှောက်၍ လူများသေစေနိုင်ပါသည်။ ရန်ကုန်မြစ်ကို ညစ်ညမ်းစေပါသည်။ အားလုံးအသိရှိကြလျှင်တော့ ကောင်းပါမည်။ အသိပညာပေးသည့် စာပေများကို ပျင်းစရာမဟုတ်ဘဲ ဗဟုသုတကြွယ်ဝစေဖို့ ဖတ်ကြပါ။ ကိုယ့်အမှိုက်ကို သူများကထပ်မသိမ်းရအောင် ပစ်မချခဲ့ပါနှင့်။ ကိုယ်နိုင်သည့်ဘက်မှ ကူညီပေးကြပါ။ ကုသိုလ်လည်းရပါသည်။ ငွေရလောက်သည့် လူချောလူလှများသည် ဤကုသိုလ်မှပေးသည့် အကျိုးဆက်များဖြစ်ပါသည်။ သန့်ရှင်းရေးကုသိုလ်သည် အချည်းနှီးမဖြစ်ပါ။ အနာမဲ့ခြင်း၊ အဆင်းလှခြင်းများကို ပြန်ပေးပါသည်။

ဒါဆိုရင် စည်းကမ်းမဲ့အမှိုက်ပစ်သူတွေကရောဆိုရင်တော့ အရုပ်ဆိုးခြင်း၊ ကိုယ်အနံ့ဆိုးခြင်း၊ ကျန်းမာရေးချို့ချာခြင်းများကို ပြန်ရလိမ့်မည်ဆိုရင် သင်လုပ်ပါဦးမလား၊ သင်ပြုသောကံ ပဲ့တင်သံ သင့်ထံပြန်လာမည်။ တစ်ကိုယ်ရေသန့်ရှင်းရေးမှ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး သန့်ရှင်းရေးသို့ ဦးတည်ပါသည်။

နေသစ်ဦး

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၄-၂၀၁၂ (စနေနေ့)
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း
၇း၀၀ ၁။ ပရိတ်တရားတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၈း၀၅ ၃။ ကဗျာပန်းဥယျာဉ်
၈း၂၀ ၄။ အဆိုပြိုင်ပွဲ
၈း၃၅ ၅။ International News

နေ့လယ်ပိုင်း
၁း၅၀ ၁။ "တိရစ္ဆာန်ဥယျာဉ်နေပြည်တော် သွားလိုက်ကြစို့တူပျော်ပျော်" (အပိုင်း-၁)
၂း၅၀ ၂။ International News

ညပိုင်း
၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၂၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၄၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅း၁၀ ၄။ International Science News
၅း၄၀ ၅။ လှုပစုံလင်အာဆီယံတစ်ခွင်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ "ရုပ်မြင်ပြဇာတ်အစီအစဉ်"
၆း၄၀ ၉။ "အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း"
၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို"** (အပိုင်း-၃၁)
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ **ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ငါးမန်းစွယ်နဲ့တူတဲ့သွားတွေရှိတဲ့ဒိုင်နိုဆော)**
၁၄။ ဂီတတံခါးလေးဖွင့်ပါပြီး

သားငါးကဏ္ဍ၊ တိရစ္ဆာန်အစားအစာကဏ္ဍဆိုင်ရာနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျေးလက်ဒေသနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတိုင်ပင်ခံအဖွဲ့ (ARDC)၊ ကိုရီးယားသမ္မတနိုင်ငံမှ Global Agriculture Policy Institute တို့၏ အသားကဏ္ဍ/ငါးကဏ္ဍ၊ တိရစ္ဆာန်အစားအစာကဏ္ဍဆိုင်ရာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ (Workshop on Business Cooperation and Investment In Livestock, Animal Feed and Fishery Sectors) အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဖတ်ကြားတင်ပြ

အလုပ်ရုံဆွေးနွေးပွဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ စာတမ်းနှစ်စောင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ စာတမ်းနှစ်စောင်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ စာတမ်းတစ်စောင်တို့ကို ဖတ်ကြားတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသော ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များသည် ဧပြီ ၂၆ ရက်မှ ၂၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးရှိ ကဇာန်းပျော့မွေးမြူရေးကန်၊ ငါး/ပုစွန်ပြုပြင်ထုတ်လုပ်သည့်စက်ရုံ၊ ညောင်တုန်းမြို့နယ်ရှိ ငါးမွေးမြူရေးကန်၊ မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရမည့် အလားအလာများကို သွားရောက်ကြည့်ရှု လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

အခြားရာသီသီးနှံဖြစ်သည့် စတော်ဘယ်ရီစိုက်ခင်းများကိုလည်း ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့တွင် တွေ့မြင်ရပြီး ယခုအခါ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

စတော်ဘယ်ရီကို မြန်မာတို့က ရှမ်းသီးဟူ၍ ခေါ်ကြသည်။ စတော်ဘယ်ရီ၏ ရုက္ခဗေဒမျိုးစုအမည်မှာ 'ဖရာဂေးရီးယား'ဖြစ်သည်။ စတော်ဘယ်ရီသည် သမပိုင်းဇုန်၌ လည်းကောင်း၊ အပူပိုင်းဇုန်အတွင်းရှိ တောင်ကုန်းဒေသများ၌လည်းကောင်း ပေါက်ရောက်သည်။ ရှေးမဆွကပင် တောင်အမေရိကတိုက် ချီလီနိုင်ငံနှင့် ဥရောပတိုက်တို့တွင် စတော်ဘယ်ရီပင်တစ်မျိုးပေါက်ရောက်သည်။ ၎င်းစတော်ဘယ်ရီပင်မျိုးသည် အစေ့များ၍ အနှစ်အရသာ မရှိသဖြင့် လူတို့သည် ထိုအပင်ကို စိုက်ပျိုးရန် စိတ်မကူးခဲ့ကြချေ။ သို့ရာတွင် အမေရိကတိုက်၌ စတော်ဘယ်ရီပင်ရိုင်းအသစ်နှစ်မျိုးကို ထပ်မံတွေ့ရှိကြသည်။ ထိုနှစ်မျိုးစလုံးမှ အသီးများသည် ဥရောပတိုက်မှ စတော်ဘယ်ရီပင်နှင့် မခြားနားချေ။ ဥရောပတိုက်မှ စတော်ဘယ်ရီပင်နှင့် အမေရိကတိုက်ရှိ စတော်ဘယ်ရီပင်တို့ကို မျိုးစပ်လိုက်သည့်အခါမှ ယခုစိုက်ပျိုးလျက်ရှိကြသော အနှစ်အရသာနှင့်ပြည့်စုံသည့် စတော်ဘယ်ရီပင်အမျိုးမျိုးကို ရရှိလေသည်။

စတော်ဘယ်ရီပင်ကို လွန်ခဲ့သောနှစ်ပေါင်း ၃၀ခန့်က အိန္ဒိယနိုင်ငံမှ မျိုးကိုယူ၍ မြန်မာနိုင်ငံ ရှမ်းကုန်းပြင်မြင့်တွင် စတင်စိုက်ပျိုးခဲ့ကြရာ ယခုအခါ ပြင်ဦးလွင်၊ ကလောမြို့နှင့် တောင်ကြီးမြို့များအနီးဝန်းကျင်တွင် ပေ ၃၀၀၀ ကျော်မြင့်သော တောင်ကုန်းများ၌ ရှမ်းသီးပင်စိုက်ခင်းများကို တွေ့မြင်နိုင်သည်။ စတော်ဘယ်ရီပင်များသည် ချုံပင်ငယ်များဖြစ်၍ မြေလျှောက်ပင်စည်အဆစ်အပိုင်းများမှ အပင်သစ်များပွားလာကြသည်။ စတော်ဘယ်ရီပင် အသီးသီးချိန်တွင် အသီးများ စင်ကြယ်လှပစေရန် အပင်ရင်းတွင် ကောက်ရိုးကို ပုံထားလေ့ရှိသည်။

ထိုသို့ နီနီရဲရဲ လှပသော အရောင်အသွေးများဖြင့် သီးပွင့်ဝေဆာနေသည့် စတော်ဘယ်ရီသီးများက စိတ်အာရုံကို ဆွဲဆောင်ဖမ်းစားလာကာ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ အမှတ် (၄) နယ်မြေအုပ်စု ပန်းအော့ကျေးရွာရှိ ဦးမှာန်ဟုန်း၏ ဌီရိမ္ထာ သဘာဝစတော်ဘယ်ရီစိုက်ခင်းအား လေ့လာမေးမြန်းခဲ့ပါသည်။

"အခု ကျွန်တော်စိုက်ပျိုးတဲ့ စတော်ဘယ်ရီကို ဒေသစကားဖြင့် ဌီရိမ္ထာ သဘာဝ စတော်ဘယ်ရီလို့ အမည်ပေးထားပါတယ်။ ဌီရိမ္ထာဆိုတဲ့စကား မြန်မာလိုဆိုရင် နေဝင်တဲ့အရပ်လို့ ခေါ်ပါတယ်။ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းများ လုံးဝမသုံးဘဲ စိုက်တာမို့ သဘာဝအသီးလို့ ဆိုလိုတာပါ။ ဒီစတော်ဘယ်ရီကို နိုင်ငံခြားမှတစ်ဆင့် ဝယ်ယူစိုက်ပျိုးပါတယ်။ ဇူလိုင်လမှာ စစိုက်ပြီး ငါးလအကြာ နိုဝင်ဘာလမှာ ရောင်းပန်းဝင် အသီးများရရှိကာ ဇွန်လလယ်အထိ ရောင်းရပါတယ်။

ဒီနှစ်အပင်ပေါင်း နှစ်သောင်းစိုက်ထားပါတယ်။ ဒီနှစ် စိမ့်စမ်းတွေ စောစောရေခန်းလို့ မှန်းချက်နဲ့ နှမ်းထွက်ကိုက်ဖို့မလွယ်ပါဘူး၊ ဒါပေမယ့် တောင်ပေါ်ဒေသ တောင်ယာလုပ်ငန်းထက် ဝင်ငွေပိုရပါတယ်။ ကျွန်တော်တို့ တောင်ပေါ်ဒေသမှာ တောင်စောင်းလှေကားထစ်နဲ့ အမြဲတမ်းစိုက်ကွက်မှာ ရာသီသီးနှံတွေ စိုက်ပျိုးကြမယ်ဆိုရင် သစ်တောပြုန်းတီးမှုလည်း ကာကွယ်ပြီး ရာသီဥတုလည်း မှန်မယ်လို့ ယုံကြည်ပါတယ်။

စတော်ဘယ်ရီကို တစ်ပေစီအကွာထားပြီး အတန်းလိုက် လူသွားလမ်းထားကာ စိုက်ရပါတယ်။ အပင်များ မစိုက်မီ မြေဆီလွှာကို နွားချေးနဲ့ သစ်ရွက်ဆွေးမြေဩဇာနိုင်နိုင်ထည့်ပေးရပါတယ်။ တစ်နှစ်ကို ပေါင်းနှစ်ခါလောက် ရှင်းပေးရပါတယ်။ အနွယ်ထွက်လာရင် ဖြတ်ပေးရပြီး အရွက်ကြမ်းတွေ ဖယ်ရှားရပါတယ်။ ဒါမှ အသီးအလုံးကြီးရပါတယ်။ ကိုင်းမဖြတ်ဘဲထားရင် အသီးငယ်လာတယ်။ အထူးသဖြင့် တစ်နှစ်တစ်ကြိမ် မြေပြုပြင်ပြီးစိုက်ရင် ပုံမှန်အထွက်နှုန်းကောင်းပြီး အသီးအလုံးကြီးရပါတယ်။ စတော်ဘယ်ရီသီးများကို မင်းတပ်၊ ကျောက်ထု၊ ထီးလင်း၊ ဂန့်ဂေါမြို့များကို တင်ပို့ရောင်းချပါတယ်။ ကုန်ချောအမျိုးမျိုး ပြုလုပ်နည်းသိခွင့်ရရင် ဝင်ငွေပိုမို ရရှိပါတယ်"ဟု သိရသည်။

မင်းတပ်မြို့ အမှတ်(၄) နယ်မြေအုပ်စု ပန်းအော့ကျေးရွာမှ ဦးမှာန်ဟုန်း ရှင်းပြစဉ်။

စတော်ဘယ်ရီသီး နီနီရဲရဲလေးများသည် စားချင်စဖွယ် ဆွဲဆောင်နေပြီး အရသာလည်းရှိသလို အာဟာရလည်း ပြည့်ဝပါသည်။ စတော်ဘယ်ရီသီးတွင် ကျန်းမာရေးနှင့် ကိုယ်ခံအားစနစ်ကို အကျိုးပြုသည့် ဗီတာမင်စီကြွယ်ဝစွာ ပါဝင်သည်။ ထို့ပြင် ဗီတာမင်ကေ၊ မဂ္ဂနီစ်၊ ဖောလစ်အက်စစ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်ဘီ-၂၊ ဘီ-၆၊ ကော့ပါး၊ မဂ္ဂနီဆီယမ်နှင့် အိုမီဂါသရီးဖက်တီးအက်စစ်များလည်း ပါဝင်ကြောင်း သိရသည်။

ဧပြီလနှင့် မေလများတွင် ဆွတ်ခူးရရှိသော စတော်ဘယ်ရီသီးများသည် အကောင်းဆုံးအသီးဖြစ်သည့်အတွက် ယခုလို နွေရာသီကာလတွင် ဗီတာမင်စီကြွယ်ဝသော စတော်ဘယ်ရီသီးများကို မိမိနှစ်သက်သလို စားသုံးနိုင်ရန် ထပ်ဆင့်မျှဝေလိုက်ပါတော့သည်။ ။

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဆွတ်ခူးပြီး ရောင်းပန်းဝင် စတော်ဘယ်ရီသီးများကို တွေ့ရစဉ်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geotechnical Site Investigation(GTI)Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV-MARINER ဖြင့် မေ ၇ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Site Investigation (GTI) Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C 2 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၃၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၄၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၇၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၆၀ စက္ကန့် အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C4 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၆ ဒသမ ၇၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၉၃ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C7 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၇၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၂ ဒသမ ၈၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၃ ဒသမ ၀၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၉၆ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C8 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၃ ဒသမ ၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၀ ဒသမ ၉၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၁ ဒသမ ၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၄ ဒသမ ၀၇ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် W-C 10 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၅၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၇၃ စက္ကန့် နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၆၂ စက္ကန့်အတွင်းတွင်လည်းကောင်း ဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ ဧရိယာများမှာ အကွက်အမှတ် ZWP-04 တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၈၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၁၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၂၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၉၁ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် ZWP-05 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၁၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၀၉ စက္ကန့်အတွင်းတွင် လည်းကောင်း၊ အကွက်အမှတ် ZWP-06 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၈၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၉၇ စက္ကန့်အတွင်းတွင် လည်းကောင်းဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geotechnical Site Investigation(GTI) Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- MARINER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်အဝ…
ပြည်ထောင်စု…

နေပြည်တော်

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထော…
ဧပြီ ၂၀ ရက်တွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့သို…
စစ်ဆေးက ဟဲဟိုးလေဆိပ်သည် ကမ္ဘာ…
လာရောက်သည့် လေဆိပ်ဖြစ်သဖြင့် လေ…
သည်များ သက်သောင့်သက်သာရှိစေရေး…

ကိုရီးယားသမ္မတနိုင်ငံ ဆိုး…
Business to Cons…
Exhibition and S…
2012 ကျင်းပမ…

နေပြည်တော် ဧပြီ

အာဆီယံ-ကိုရီးယားစင်တာက ကြီးမှူး…
ဆိုးလ်မြို့ Shinsegae Department Store…
Consumer Exhibition and Sales 2012…
မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ အ…
အနက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှ…
ပြပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အာဆီယံ-ကိုရီးယားစင်တာသည် ယခ…
များကို B2B ပုံစံကျင်းပနေရာမှ ယခုအ…
တိုက်ရိုက်ထိတွေ့သည့် B2C ပုံစံကို ပ…
ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ အရည်…
ကုမ္ပဏီ နှစ်ခုအားရွေးချယ်ပြီး အသွား/…
လက်မှတ်စရိတ်နှင့် တည်းခိုနေထိုင်စရိတ်…
ဖြစ်သည်။

အဆိုပါပြပွဲတွင် လက်မှုအနုပညာပစ္စ…
အလှဆင်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊…
များနှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းမျ…
မည်ဖြစ်ရာ စိတ်ပါဝင်စားသည့် …

မြစ်ကူးတံတားကြီးမျာ…
သတိပြုလိုက်…

ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော်က စီမံကိန်းဝင် မြစ်ကူးတံတားကြီးများကို ငွေကြေးအမြောက်အမြား ကုန်ကျခံတည်ဆောက်ထားပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တံတားကြီးရေလမ်းများအား ရေယာဉ်များ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်မရှိစေရန် ရေလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ပေး၍ ရေလမ်းသတင်းများ ထုတ်ပြန်ပေးလျက်ရှိသည်။

ရေယာဉ်များသည် တံတားကြီး…

တောင်တွင်းကြီးမြို့နယ်၌ ယခင်နှ…

တောင်တွင်းကြီး ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ၂၀၁၂ ခုနှစ် ဧပြီ ၁၂ ရက်မှစ၍ အပူချိန်များ မြင့်တက်လျက်ရှိကြောင်း မိုးလေဝသသတင်းများအရ သိရှိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ဧပြီ ၁၂ ရက်မှ စ၍ အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်အောက်သို့ ပြန်ကျခြင်းမရှိကြောင်း သိရသည်။ ဧပြီ ၂၇ ရက်အထိ အမြင့်ဆုံးအပူချိန်မှာ ယခုနှစ်အတွင်း ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိကြောင်း နေ့စဉ်အပူချိန်မှတ်တမ်းများအရ သိရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီ ၂၇ ရက်အထိ မိုးရွာရက်နှစ်ရက်ခန့်သာရှိပြီး မိုးရေချိန် သုညဒသမ ၉၉ လက်မသာ ရွာသွန်းခဲ့သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် မိုးရွာသွန်းခဲ့သောကြောင့် အပူဒဏ်ခံစားခဲ့ရခြင်းမရှိ…

ရှမ်းပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် စစ်ဆေး

နေပြည်တော် ဧပြီ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၂၁ ရက်တွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ရောက်ရှိပြီး ဟဲဟိုးလေဆိပ်ကို ကြည့်ရှုစစ်ဆေးကာ ဟဲဟိုးလေဆိပ်သည် ကမ္ဘာလှည့်ခရီးသည် ဒုတိယအများဆုံး လာရောက်သည့် လေဆိပ်ဖြစ်သဖြင့် လေဆိပ်ဝန်ဆောင်မှုကောင်းရန်နှင့် ခရီးသည်များ သက်သောင့်သက်သာရှိစေရေး အထူးအလေးပေး၍ စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်နေမှု၊ တိုးချဲ့မည့် လေယာဉ်ရပ်နားနေရာ၊ လေယာဉ်ပြေးလမ်း ဘေးဝဲ/ယာနှင့် လေကြောင်းထိန်းမျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနဓဇာနည်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်၊ မေ ၁၉ ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာအောင်သာသနဓဇာနည်အရှင်မြတ်များသည် မေ ၁၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၁၃၁၀ (၁၉၄၈) ခုနှစ်မှစ၍ ကျင်းပခဲ့ရာ ၁၃၇၁ (၂၀၁၀) ခုနှစ် (၆၂)ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇာနည် အရှင်မြတ် ၁၂ပါး ပေါ်ထွန်းခဲ့ပြီး ယခု (၆၄)ကြိမ်မြောက် ၁၃၇၃ (၂၀၁၂) ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ကုန္ဒာစရိယသည် ပိဋကသုံးပုံ အာဂုံ+ရေးဖြေ အောင်မြင်တော်မူသဖြင့် ၁၃ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်းတော်မူလာရာ သာသနာတော်အတွက် ဝမ်းမြောက်ဖွယ်ရာ သာသနဓဇာနည်မြတ်များအား ချီးကျူးပူဇော်သည့် အခမ်းအနားကြီးဖြစ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒ စရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေအောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက လေးပါး၊ ဝိနယကောဝိဒ နှစ်ပါး၊ ဝိနယဓရ ၂၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၄ ပါး စုစုပေါင်း စာအောင်သံဃာ ၉၃ ပါးအပါအဝင် ပင့်သံဃာ ၂၉၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်း ဖုန်း-၆၆၀၇၆၆၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၄၅၇၈နှင့် ၆၆၄၄၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ Business to Consumer Exhibition and Sales 2012 ကျင်းပမည်

နေပြည်တော် ဧပြီ ၂၇

အာဆီယံ-ကိုရီးယားစင်တာက ကြီးမှူး၍ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ Shinsegae Department Store ၌ Business to Consumer Exhibition and Sales 2012 ကို ဇွန် ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ အာဆီယံ(၁၀)နိုင်ငံ အနက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ပြပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အာဆီယံ-ကိုရီးယားစင်တာသည် ယခင်က ကုန်စည်ပြပွဲများကို B2B ပုံစံကျင်းပနေရာမှ ယခုအခါ စားသုံးသူနှင့် တိုက်ရိုက်ထိတွေ့သည့် B2C ပုံစံကို ပထမဆုံးပြောင်းလဲကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ အရည်အချင်းပြည့်မီသည့် ကုမ္ပဏီ နှစ်ခုအားရွေးချယ်ပြီး အသွား/အပြန် လေယာဉ်လက်မှတ်စရိတ်နှင့် တည်းခိုနေထိုင်စရိတ်များ ကျခံပေးမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် လက်မှုအနုပညာပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ချည်ထည်ပစ္စည်းများနှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ ပါဝင်ပြသကြမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(ပြပွဲဌာန)နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးသည် ယခုနှစ် နွေရာသီတွင် ပူပြင်းသော ကာလဖြစ်သည့်အလျောက် ရှေးဟောင်း အနုပညာလက်ရာအမွေအနှစ်များ လေ့လာလိုသော ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လာလျက်ရှိကြပြီး ဧပြီ ၂၇ ရက်က မန္တလေး မဟာမုနိဘုရားကြီး၌ အများဆုံး လာရောက်ဖူးမြော် လေ့လာကြသည်ကို တွေ့ရစဉ်။ (ဘဦး)

မြစ်ကူးတံတားကြီးများမှ ဖြတ်သန်းသွားလာသောရေယာဉ်များ သတိပြုလိုက်နာရန် သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော်က စီမံကိန်းဝင် မြစ်ကူးတံတားကြီးများကို ငွေကြေးအမြောက်အမြား ကုန်ကျခံတည်ဆောက်ထားပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တံတားကြီးရေလမ်းများအား ရေယာဉ်များ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်မရှိစေရန် ရေလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ပေး၍ ရေလမ်းသတင်းများ ထုတ်ပြန်ပေးလျက်ရှိသည်။

ရေယာဉ်များသည် တံတားကြီးရေလမ်းကိုဖြတ်သန်းရာတွင် သတ်မှတ်ထားသော ကုန်တန်ထက်ကျော်၍ တင်ဆောင်ခြင်းမပြုရန်၊ ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်၊ တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်နှင့် ရေကြောင်းဆိုင်ရာဥပဒေများနှင့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာလိုက်နာရန် လိုအပ်သည်။

အကယ်၍ ရေယာဉ်များသည် သတ်မှတ်ထားသော ဥပဒေနှင့် စည်းကမ်းများကို တိကျစွာလိုက်နာရန် ပျက်ကွက်မှုကြောင့် မြစ်ကူးတံတားကြီးများ၏ တံတားတိုင်များကို တိုက်ခိုက်မိ၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်ရမည့်အပြင် တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂ္ဂလိကအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရေး စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၇

ပုဂ္ဂလိကအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရေး စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပုဂ္ဂလိက အာမခံကုမ္ပဏီများ လုပ်ကိုင်ခွင့်ပြုရေးအစီအစဉ်နှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပုံကို လည်းကောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်မောင်သိန်းက ပုဂ္ဂလိကလုပ်ငန်းရှင်များ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီး အာမခံကုမ္ပဏီများ တည်ထောင်ခွင့်ပြုရေးလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စာနယ်ဇင်းများမှ သတင်းထောက်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း ပုဂ္ဂလိက အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရေး စာနယ်ဇင်းရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်၌ ယခင်နှစ်ကထက် အပူချိန်မြင့်တက်လာ

တောင်တွင်းကြီး ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ၂၀၁၂ ခုနှစ် ဧပြီ ၁၂ ရက်မှစ၍ အပူချိန်များ မြင့်တက်လျက်ရှိကြောင်း မိုးလေဝသသတင်းများအရ သိရှိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ဧပြီ ၁၂ ရက်မှ စ၍ အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်အောက်သို့ ပြန်ကျခြင်းမရှိကြောင်း သိရသည်။ ဧပြီ ၂၇ ရက်အထိ အမြင့်ဆုံးအပူချိန်မှာ ယခုနှစ်အတွင်း ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိကြောင်း နေ့စဉ်အပူချိန်မှတ်တမ်းများအရ သိရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီ ၂၇ ရက်အထိ မိုးရွာရက် နှစ်ရက်ခန့်သာရှိပြီး မိုးရေချိန် သုညဒသမ ၉၉ လက်မသာ ရွာသွန်းခဲ့သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် မိုးရွာသွန်းခဲ့သောကြောင့် အပူဒဏ်ခံစားခဲ့ရခြင်းမရှိကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။ သို့သော်လည်း ၂၀၁၀ ပြည့်နှစ် အပူချိန်လောက် မြင့်မားမှုမရှိသေးကြောင်း တွေ့ရသည်။ ၂၀၁၀ ပြည့်နှစ် ဧပြီ ၃ ရက်မှစ၍ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အောက်မကျဘဲ တစ်လလုံး ပူလာခဲ့ရာ ၄၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်က အပူဒဏ်ကြောင့် သေဆုံးမှုရာခိုင်နှုန်း သုံးဆမြင့်တက်ခဲ့ကြောင်း ကျန်းမာရေးဌာန မှတ်တမ်းများအရ သိရသည်။ ယခုနှစ်အနေဖြင့် ၂၀၁၀ ပြည့်နှစ် အပူချိန်လောက် မပူသေးသော်လည်း အပူဒဏ်ကို ခံစားနေရပြီဖြစ်သည်။ ထိုသို့ အပူချိန်မြင့်မားလာသဖြင့် အပူဒဏ်အန္တရာယ် မကျရောက်စေရန် အနေအထိုင်အသွားအလာ ဆင်ခြင်ရမည်ဖြစ်ပြီး အရက်သေစာသောက်စားသူများ၊ နေပူထဲအလုပ်လုပ်သူများ၊ တောင်သူလယ်သမားများ သတိထားရမည်ဖြစ်သည်။

တောင်သူဦးကြီးများ အနေဖြင့် ၂၀၁၁ ခုနှစ်က မိုးရွာသွန်းမှုများခဲ့ပြီး ၂၀၁၀ ခုနှစ်က အပူချိန်မြင့်တက်၍ မိုးခေါင်ခဲ့သည်ကို တွေ့ရှိရသဖြင့် ယခုနှစ်လည်း အပူချိန်များလာသည်ကို တွေ့နေရသဖြင့် လယ်ယာလုပ်ငန်းခွင်များ အချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သတိဝီရိယထား ဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာ့ရာသီဥတု ဖြစ်စဉ်များသည် တစ်နှစ်နှင့်တစ်နှစ် မတူညီဘဲ ပြောင်းလဲလာသဖြင့် သတိထားစောင့်ကြည့်လေ့လာရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီစွာ လုပ်ကိုင်နေထိုင်စားသောက်မှုသာ အသက်ရှည်ကျန်းမာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

(နိုင်ဝင်း)

မပြောမပြီး မတီးမမြည် **ကိုချစ်**

ပြောပါသည် မပြီး တီးပါသည် မမြည်

မြန်မာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကား အေးချမ်းပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားပြီဖြစ်သည်။ ပြီးဆုံးသွားပြီကို ပြီး--ပြီးရော ဟူ၍ သဘောမထားဘဲ ယင်းပြီးခဲ့မှုအပေါ်အခြေခံ၍ ကောင်းကွက်၊ ဆိုးကွက်တို့ကို အတိုင်းအတာတစ်ခုအထိ ပြန်လည်သုံးသပ်ကြရပေမည်။

"မြန်မာ့ယဉ်ကျေးမှု အမွေခံကောင်းများ မပျောက်ပျက်ရေး၊ မြန်မာ့ယဉ်ကျေးမှုသင်္ကြန်မညစ်နွမ်းစေရေး၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ ရေကစားကြရေး၊ လူကြီး မိဘ၊ မောင်နှမများအားလုံးက လူငယ်များလမ်းကောင်း၊ လမ်းမှန် အတွေးမှန်များရရှိရေးတို့ကို လမ်းညွှန်ပြကြရေး---" စသည်တို့ကို မိမိတို့က ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ စာပေအသိဖြင့် ရေးသားခဲ့ကြသည်။ စာနယ်ဇင်းများကလည်း စာပေတာဝန်ကျေပွန်စွာ ဖော်ပြပေးခဲ့ကြသည်။

အချို့ကိစ္စများဆိုလျှင် အတွေ့အကြုံများအရ သင်္ကြန်စင်မြင့်ထက်မှ လူငယ်အမျိုးသား လူငယ်အမျိုးသမီးတို့၏ မလုံမလဲဝတ်စားဆင်ယင်မှု၊ ဟီရိဩတ္တပ္ပကင်းမဲ့သည့် မြန်မာမဆန်သည့် သရုပ်ဖော်အက ကပြမှု၊ မီးသတ်ပိုက်ကြီးကဲ့သို့ ပိုက်ကြီးပိုက်ငယ်ဖြင့် ကြမ်းကြမ်းတမ်းတမ်းမညှာမတာ ကိုယ်ချင်းစာနာမှုမရှိ ရေပက်ကစားကြမှုတို့ကို အသိတရားဖြင့် ဆင်ခြင်ကာ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ လိုက်နာနိုင်ရေးအတွက် "မပြောမပြီး. . . . မတီးမမြည်" ဆိုသည့် မြန်မာ့စကားပုံကဲ့သို့ ပွင့်ပွင့်လင်းလင်း ပြောပြ၊ ဖွင့်ပြ တီးခတ်ပြခဲ့ကြသည်။

သို့သော် မိမိတို့မည်မျှပင်ပြောပြ၊ လမ်းညွှန်ပြ၊ အသိပေး၊ သတိပေးသော်ငြားလည်း လမ်းကောင်းလမ်းမှန်တည်းဟူသော ခရီးပန်းတိုင်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် မရောက်ခဲ့ပါ။ လမ်းကောင်းလမ်းမှန်တည်းဟူသော တည်ဆောက်ရေးအုတ်မြစ်ကားမပြီးခဲ့ပါ။ မည်သို့ပင် လေးလေးနက်နက် "တီး"ခတ်လိုက်သော်လည်း "တီး"လိုက်သည့် တီးကွက်နှင့်အညီ ဖြစ်ထွန်းလိုက်ဖက်သည့် အသံစည်ကားမမြည်ခဲ့ပါဟုပင်တင်စားရမလိုဖြစ်သည်။ "ပြောပါသည် မပြီး" "တီးပါသည် မမြည်" ခြင်းကြောင့် ဝမ်းနည်းဖွယ်ရာခံစားမိသည်။

ယနေ့အချိန်အခါသည် လူငယ်များ၏ စရိုက်လက္ခဏာ၊ အသွင်အပြင်၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် အားလုံး " ကောင်းပါသည်. အထူးကောင်းပါသည်" ဟု ကျေကျေနပ်နပ်ကြီး လက်ခံဩဘာပေးနေဖို့ အချိန်မဟုတ်ပါ။ လက်ခံဩဘာပေးနေကြသည်ကိုလည်း ရပ်တန်းကရပ်သင့်ပါပြီ။ မိမိတို့လူကြီးမိဘမောင်နှမအားလုံး၏" လမ်းညွှန်ရေး"ဆိုင်ရာ အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်များကို ရှာဖွေဖာထေးပြီး အားသာချက်များ ရယူကာ လူငယ်များအားလုံး နည်းကောင်းလမ်းမှန်ရောက်ရှိရေးအတွက် စဉ်ဆက်မပြတ်မနားမနေ "ပြောနေ. . . တီးနေ" ရမည့် အချိန်အခါကောင်းပင် ဖြစ်ပါကြောင်း။

❑ ကျောဖုံးမှ

ထို့ပြင် အုပ်စု(E)တွင် ကျရောက်ခဲ့သည့် ဗြိတိန်အမျိုးသမီးဘောလုံးအသင်းသည်လည်း ဇူလိုင် ၂၅ ရက်တွင် ကာဒစ်ဖ်မြို့ရှိ မီလန်နီယမ်ကွင်း၌ နယူးဇီလန်အမျိုးသမီးဘောလုံးအသင်းနှင့် စတင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စု(F)တွင်လည်း ၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံ ဂျပန်အသင်းသည် ကနေဒါ၊ ဆွီဒင်နှင့် တောင်အာဖရိကအမျိုးသမီးဘောလုံးအသင်းများနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ကြောင်း ဧပြီ ၂၇ ရက် အားကစားသတင်းများက သတင်းဖော်ပြခဲ့သည်။

အင်တာနက်။

❖ ထိုင်းကလပ်မှ

အလယ်တန်း-အောင်ကျော်မိုး၊ ဒီဂျမ်၊ ပိုင်စိုး၊ အောင်မြင့်အေး၊ ဖြိုးမောင်မောင်ကျော်၊ ထူးထူးအောင်၊ ရဲကိုဦး၊ သုထက်ပိုင်၊ ရှေ့တန်း-ကိုနေး၊ ရန်ပိုင်၊ စိုးကျော်ကျော်နှင့် နွေးကိုကိုချစ်တို့ လိုက်ပါသွားကြသည်။

ရတနာပုံအသင်းသည် ထိုင်းခြေစွမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဧပြီ ၂၈ ရက်တွင် ထိုင်းပရီမီယာကလပ် တယ်ရိုဆာဆနာအသင်း၊ မေ ၁ ရက်တွင် ထိုင်းပထမတန်းကလပ် ဖူးခက် FC၊ မေလ ၃ ရက်တွင် ထိုင်းပထမတန်းကလပ် ကရာဘီ FC တို့နှင့် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ (ကြေးမုံ)

တရုတ်ပြည်ကျွမ်းဘားအနုပညာအဖွဲ့ ဖျော်ဖြေတင်ဆက်မည်

နေပြည်တော် ဧပြီ ၂၇

တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူများ၏ အပြန်အလှန်နားလည်မှုကို အားဖြည့်ပေးနိုင်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုမြင့်မားစေရန် ရည်ရွယ်လျက် နှစ်နိုင်ငံ လူမှုရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် တရုတ်ပြည်ကျွမ်းဘားအနုပညာအဖွဲ့သည် ဧပြီ ၂၇ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ တင်ဆက်ဖျော်ဖြေမည် ဖြစ်သည်။

အဆိုပါ ဖျော်ဖြေပွဲများမှရရှိသောဝင်ငွေများကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ပြီး ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေမည်ဖြစ်ကြောင်းနှင့် လက်မှတ်ဝယ်ယူရန် ဖုန်း-၀၁-၃၈၂၄၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြန်မာကစားသမားများမှာ များစွာလေ့ကျင့်ပေးရဦးမည့်သူများဖြစ်ကြောင်း ပက်ဆောင်ဟွာသုံးသပ်

နေပြည်တော် ဧပြီ ၂၇

ပဏာမမြန်မာ့လက်ရွေးစင် ယူ-၂၂ ကစားသမားများမှာ ယခုထက်ပို၍လေ့ကျင့်မှုပြင်းထန်စွာ ပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း နည်းပြချုပ် ပက်ဆောင်ဟွာက ထုတ်ဖော်ပြောကြားလိုက်သည်။ မြန်မာလူငယ်အသင်းသည် ပြီးခဲ့သည့် ဧပြီ ၁၈ ရက်ကစ၍ တောင်ကိုရီးယားတွင် လေ့ကျင့်လျက်ရှိပြီး လက်ရှိအချိန်ထိ ခြေစမ်းပွဲ နှစ်ပွဲကစားထားရာ နှစ်ပွဲစလုံးအရေးနိမ့်ထားသည်။

"ကစားသမားတွေကို စုဖွဲ့မှုကောင်းကောင်းနဲ့ နည်းစနစ်ပိုင်ပိုင်နိုင်နိုင်ကစားပြီး ပွဲတစ်ပွဲကို ထိန်းချုပ်ထားနိုင်အောင် ပိုပြီးလေ့ကျင့်ပေးရဦးမှာပါ။ ကစားသမားတချို့မှာ အခြေခံဘောလုံးကျွမ်းကျင်မှုနည်းပါးလွန်းနေသလို ခေတ်မီနည်းစနစ်တွေ၊ အထောက်အကူပစ္စည်းတွေနဲ့ ကြံ့ခိုင်မှုလေ့ကျင့်ခြင်းမျိုးလည်း မရှိသေးတော့ ကစားသမားတော်တော်များများ ကြံ့ခိုင်မှု နိမ့်ကျလွန်းနေတာတွေ့ရတယ်။ ဒါကြောင့် သူတို့ကို အခုထက်ပိုပြီး ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးဖို့လိုပါမယ်။ တချို့ကစားသမားတွေဆိုရင် ဘယ်လိုအချိန်မှာ တိုက်စစ်ကစားမယ်၊ ဘယ်လိုအချိန်မှာ ခံစစ်ကစားရမယ်ဆိုတာတောင် မသိဘူး။ ကစားသမားအားလုံး သူတို့ကိုယ်တိုင် ပိုမိုလေ့ကျင့်ဖို့လိုနေသလို ဘယ်ပွဲမဆိုယှဉ်ပြိုင်နေစဉ်အတွင်း ပွဲချိန်အပြည့်အာရုံစူးစိုက်မှုရှိဖို့လိုပါတယ်"ဟု ပက်ဆောင်ဟွာက မို့ခ်ပိုအသင်းနှင့် ပထမခြေစမ်းပွဲအပြီး သုံးသပ်ပြောကြားသွားခဲ့သည်။ ယင်းပွဲစဉ်တွင် မြန်မာလူငယ်အသင်းသည် တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ရသည်။

အလားတူ ဒုတိယခြေစမ်းပွဲဖြစ်သည့် ဟိုနမ်တက္ကသိုလ်နှင့် ခြေစမ်းရာတွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ယင်းပွဲအပြီးတွင် နည်းပြချုပ် ပက်ဆောင်ဟွာက "တချို့ကစားသမားတွေရဲ့ ဘောလုံးကျွမ်းကျင်မှုက သိပ်ကို ဆိုးရွားလွန်းနေပါတယ်။ သူတို့ပြေးလည်းမပြေးနိုင်ကြသလို အင်ပြည့်အားပြည့်လည်း မကစားနိုင်ကြပါဘူး။ ဒါကြောင့် သူတို့ကို ပိုပြီးလေ့ကျင့်ပေးရမှာဖြစ်သလို သူတို့ကိုယ်တိုင်လည်း ဂျပန်၊ ကိုရီးယားကစားသမားတွေလို ဖြစ်အောင် လေ့ကျင့်ရမှာဖြစ်ပါတယ်။ ကစားသမားအများစုက ဘယ်အချိန်မှာ ခံစစ်ဇုန်ကို ပြန်ဆင်းမလဲ၊ ဘယ်အချိန်မှာ လျင်လျင်မြန်မြန်နဲ့ တိုက်စစ်ဆင်မှုကို ပံ့ပိုးပေးမလဲဆိုတာ မသိကြသေးပါဘူး။ ဒါပေမယ့် ကစားသမားအများစုရဲ့ ကြံ့ခိုင်မှုက တဖြည်းဖြည်းတိုးတက်လာနေသလို ခွန်အားနဲ့ စိတ်ဓာတ်ပိုင်းလည်း ကောင်းမွန်လာပါပြီ။ အဆုံးသတ်ကောင်းမွန်မှုနဲ့ ကြိုသလို ဂိုးသွင်းတတ်ဖို့ဆိုတာကတော့ အားနည်းနေပါသေးတယ်။ ဒါကြောင့် လေ့ကျင့်မှုကို ပိုပြီးလုပ်ရဦးမှာပါ" ဟု သုံးသပ်ပြောကြားခဲ့သည်။

ပဏာမ မြန်မာ့လက်ရွေးစင်ကစားသမားများသည် AFC U-22 အုပ်စုအဆင့်တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင် စသည့် မာကျောတောင့်တင်းသည့်အသင်းများနှင့် ရင်ဆိုင်ရမည်ဖြစ်ရာ ကိုယ့်မြေကိုယ့်ကွင်းပင်ဖြစ်သော်လည်း ဘောလုံးကျွမ်းကျင်မှု၊ နည်းစနစ်တကျကစားတတ်မှု၊ နေရာမရွေး ဂိုးသွင်းနိုင်မှု၊ ကြံ့ခိုင်မှုနှင့် လျင်မြန်မှု၊ ပွဲကို အာရုံစူးစိုက်မှုတို့အပြင် စိတ်ဓာတ်နှင့် စည်းကမ်းပိုင်းအရလည်း ပိုမိုလေ့ကျင့်ထားရမည်ဖြစ်သည်။**(အောက်ပုံ)**

ယခုကဲ့သို့ တောင်ကိုရီးယားတွင် သွားရောက်လေ့ကျင့်ရခြင်းမှာ AFC U-22 ပြိုင်ပွဲအတွက်သာမက ဆူဇူကီးဖလားပြိုင်ပွဲနှင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက်ပါ ရည်ရွယ်လေ့ကျင့်ခြင်းဖြစ်သည်။

၂၇-၄-၂၀၁၂ ထူးခြားသည့် နေ့အပူချိန်များ

ချောက်	၄၆	ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၄	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ်
မကွေး	၄၃	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၃	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၃	ဒီဂရီစင်တီဂရိတ်

ဇော်မင်းအောင် - ၁၀၇

THE 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် THE 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 ကို မေ ၁၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို သက်တန်းအလိုက် ကျင်းပမည်ဖြစ်ပြီး သက်တန်း (၁၅-၁၇)နှစ်ကို GROUP (A)၊ သက်တန်း (၁၃-၁၄) နှစ်ကို GROUP (B)၊ သက်တန်း(၁၁-၁၂)နှစ်ကို GROUP (C) သက်တန်းနှင့် (၁၀)နှစ်အောက်ကို GROUP (D)ဟူ၍ သက်တန်းလေးတန်း ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှပစိဖိတ်ဒေသတွင်းရှိ မြန်မာအပါအဝင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှား၊ ပါကစ္စတန်နှင့်ဂူအမ် ၁၂ သင်းမှ လူငယ်ဂေါက်သီးရိုက် အားကစားသမားများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက HAN EVENT MANAGEMENT ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(ကျော်တင့်)

တတိယအကြိမ်မြောက် ဘုရင့်နောင်ပွဲရုံမိသားစု (BGG) အသင်းက ကြီးမှူးကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၈ ရက်က Royal Mingalardon Golf Club ၌ ကျင်းပရာ ပြိုင်ပွဲတွင် ပထမဆုရ ဦးနေလင်းအား အသင်းအမှုဆောင် ဦးလှမော် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

Davis Cup Asia/ Oceania Zone Group(IV) တင်းနစ်ပြိုင်ပွဲနှင့် နိုင်ငံတကာတင်းနစ်ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ခဲ့ကြသော မြန်မာအမျိုးသားတင်းနစ်လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၇

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအမျိုးသားတင်းနစ်လက်ရွေးစင်အသင်း အောင်မြင်မှုရှိစေရန်နှင့် နိုင်ငံတကာတင်းနစ်ပြိုင်ပွဲ အတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ Davis Cup Asia/ Oceania Zone Group(IV) တင်းနစ်ပြိုင်ပွဲနှင့် နိုင်ငံတကာတင်းနစ်ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ကစားခဲ့ကြသော အသင်းခေါင်းဆောင် မင်းမင်း၊ ငယ်နှောင်း၊ ဖြိုးမင်းသာနှင့် အောင်ကျော်နိုင်တို့ပါဝင်သော မြန်မာ့အမျိုးသားတင်းနစ် လက်ရွေးစင်အသင်းသည် ဧပြီ ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာအမျိုးသားလက်ရွေးစင်အသင်း နိုင်ငံတကာတင်းနစ်ပြိုင်ပွဲ အတွေ့အကြုံရရှိစေရေးအတွက် ဧပြီ ၂ ရက်မှ ၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သော ITF Future (FI) တင်းနစ်ပြိုင်ပွဲနှင့် ဧပြီ ၉ ရက်မှ ၁၅ ရက်ထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော ITF Future(FI) တင်းနစ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ဧပြီ ၁၆ ရက်မှ ၂၃ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သော ၂၀၁၂ ခုနှစ် Davis Cup by Asia/ Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲ၏ Pool (B)၌ ပါဝင်ကြသော ဂျော်ဒန်၊ စင်ကာပူ၊ မြန်မာ၊ ကာတာနှင့် ကမ္ဘောဒီးယားအသင်းများနှင့် ယှဉ်ပြိုင်ကစားကြသည်။

မြန်မာအမျိုးသားတင်းနစ်လက်ရွေးစင်အသင်းသည် ဧပြီ ၁၆ ရက်တွင် အိမ်ရှင်ကာတာအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ဧပြီ ၁၇ ရက်က ဂျော်ဒန်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ဧပြီ ၁၈ ရက်က ကမ္ဘောဒီးယားအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဧပြီ ၁၉ ရက်က စင်ကာပူကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးရှုံးနိမ့်ခဲ့ကြသည်။

၂၀၁၂ ခုနှစ် Davis Cup Asia/ Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲ၌ ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအမျိုးသားတင်းနစ်လက်ရွေးစင်အသင်းသည် အဆင့်သတ်မှတ်သည့် ပြိုင်ပွဲအဖြစ် (9th to 10th Play Off) ဧပြီ ၂၀ တွင် ဘာရိန်းသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက သုံးပွဲပြတ် အနိုင်ရရှိကာ အဆင့်(၉)ကို သတ်မှတ်ခံရပြီး ဘာရိန်းအသင်းက အဆင့်(၁၀) သတ်မှတ်ခံရကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမီ၏

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မွန်ပရိယတ္တိစာသင်တိုက် ဖုန်း-၀၁-၂၉၇၉၄၂ (ဗိုလ်တထောင်ဘုရားအနီး)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၂၀၁၁-၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများလည်း တက်ရောက်ကြရန်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးရဲမြင့် ဖုန်း-၀၉-၅၅၀၆၁၀၉၊ ဦးသောင်းညွန့် ဖုန်း-၀၉-၇၃၂၃၃၀၈၇၊ ဦးကျော်မြင့် ဖုန်း-၀၉-၇၃၀၅၆၃၄၃၊ ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂ နှင့် ဦးလှဝင်း ဖုန်း-၀၉-၇၃၂၁၄၈၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင်တံခွန်စိုက်ပြိုင်ပွဲကို မေ ၂ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အားကစားသမားများသည် မေ ၁ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ပြုလုပ်မည့် အားကစားသမားများ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ပျက်ကွက်သူရှိပါက အစားထိုးယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အားကစားသမားများမှာ ဝင်းဇော်ထွန်း(လယ်/ဆည်)၊ မောင်မောင်လတ်(ပြည်ထဲရေး)၊ ငြိမ်းချမ်း(လယ်/ဆည်)၊ ကိုကိုကြီး(မန္တလေး)၊ လင်းနိုင်ဦး(ပို့ဆောင်ရေး)၊ အောင်ကျော်အေး(ရန်ကုန်)၊ မြင့်ဟန်(ပို့ဆောင်ရေး)၊ နေဦးကျော်ထွန်း(ပြည်ထဲရေး)၊ စိုးမင်းကျော်(သစ်တော)၊ နိုင်မျိုးလင်း(ကာကွယ်ရေး)၊ ဇော်ဝင်းလေး(လယ်/ဆည်)၊ အုန်းကျော်(ပြည်ထဲရေး) တို့ ဖြစ်ကြသည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့ရိုးရာ စစ်တုရင်ကစားနည်းအား ထည့်သွင်းကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

ငွေကျပ်သိန်း ၃၀၀ ကျော် ခိုးယူပျောက်ဆုံးမှု ဖော်ထုတ်ဖမ်းဆီးရမိ

ရေတာရှည် ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့တစ်ဖက်ကမ်းရှိ ဇေယျသိမ်ကျေးရွာအုပ်စု သရက်တောကျေးရွာနေ မသင်္ကာဖွယ်လူနှစ်ဦးရှိကြောင်း သတင်းအရ ရေတာရှည်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး မြင့်လွင်နှင့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီခန့်က သတင်းရရှိသည့် သရက်တောကျေးရွာ နေထွန်းဝင်း (၃၆)နှစ်၊ ဝင်းအောင် (၃၃)နှစ်၊ စန်းလွင် (၃၅)နှစ်တို့၏ နေအိမ်များကို အဖွဲ့များခွဲ၍ ရှာဖွေရာ စန်းလွင်မှာ နေအိမ်တွင်မရှိဘဲ ထွန်းဝင်းနှင့် ဝင်းအောင်တို့မှာ ထွက်ပြေးသဖြင့်လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့ရသည်။

ဖမ်းဆီးရမိသူ ထွန်းဝင်းနှင့် ဝင်းအောင်တို့၏ အစစ်ခံထွက်ဆိုချက်များအရ ၎င်းတို့သုံးဦးသည် မြို့လှမြို့ ဈေး(၂)ရပ်ကွက်နေ ကိုရဲစိုး၏နေအိမ်မှ ဇန်နဝါရီ ၂၂ ရက် နံနက် ၂ နာရီခန့်တွင် ငွေကျပ်သိန်း ၃၀၀ နှင့် ရွှေထည်ပစ္စည်း အချို့၊ အိမ်ခြံမြေနှင့် ပတ်သက်သည့် စာရွက်စာတမ်းများပါရှိသည့် သံသေတ္တာကို ခိုးယူခဲ့ကြပြီး မြို့လှမြို့ မြောက်ဘက်အထွက်ကားလမ်းအနောက်ဘက်ရှိ သုသာန်အတွင်း၌ သေတ္တာသော့ကို ရိုက်ဖျက်ကာ အတွင်း၌ပါသည့် ငွေသား သိန်း ၃၀၀ ကျော်နှင့် ရွှေထည်ပစ္စည်းများကို စန်းလွင်က ထုတ်ယူကာ ဆိုင်ကယ်မောင်းနှင်သော ဝင်းအောင်အား ငွေကျပ် ၁၈ သိန်းကို လည်းကောင်း၊ သေတ္တာထမ်းကူသည့် ထွန်းဝင်းအား ငွေကျပ် သိန်း ၆၀ ကို လည်းကောင်းပေးခဲ့ပြီး ကျန်ငွေအားလုံးကို စန်းလွင်ကယူဆောင်၍ သံသေတ္တာအား စစ်တောင်းမြစ်အတွင်းသို့ ပစ်ချ

ဖျောက်ဖျက်ပစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူတို့၏ နေအိမ်မှပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် စန်းလွင်(၃၅)နှစ် သရက်တောကျေးရွာ ဇေယျသိမ်ကျေးရွာအုပ်စု ရေနီမြို့နေသူအား မြို့လှရဲစခန်း (ပ) ၇ /၂၀၁၂ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့မှ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

နိုင် ငံ တ ကာ အား က စား

အမေရိကန်အမျိုးသမီးဘောလုံးအသင်းနှင့် ပြင်သစ်အမျိုးသမီးဘောလုံးအသင်း လန်ဒန်အိုလံပစ်အဖွင့်ပွဲစဉ် ယှဉ်ပြိုင်မည်

နိုင် လင်း ကြည်

အင်္ဂလန်(ဝင်ဘလေ) ဇွန် ၂၇

၂၀၁၂ လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲများ၏ အုပ်စုများနှင့် အုပ်စုပွဲစဉ်များကို မဲခွဲဆုံးဖြတ်ပြီးနောက် အမျိုးသမီးဘောလုံးအသင်းများ၏ အုပ်စု(G)တွင် အမေရိကန်၊ ပြင်သစ်၊ ကိုလံဘီယာနှင့် မြောက်ကိုရီးယားအသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

အုပ်စု(G)၏ အဖွင့်ပွဲစဉ်အဖြစ် ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် အမေရိကန်အမျိုးသမီးဘောလုံးအသင်း**(အောက်ပုံ)**နှင့် ၂၀၁၁ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည့် ပြင်သစ်အမျိုးသမီးဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စု(G)မှ အမျိုးသမီးဘောလုံးအသင်းများ၏ အဖွင့်ပွဲစဉ်ကို ဇူလိုင် ၂၅ ရက်တွင် ဂလက်စဂိုးမြို့ရှိ ဟမ်ဒန်ပါ့ခ်၌ ယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဝက်ဘ်ဆိုက်က သတင်းဖော်ပြသည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❑



ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးလေယာဉ် ဥရောပတိုက်ကို ဖြတ်သန်းပျံသန်းမည်

အင်တာနက် စွမ်းအင်သိပ္ပံ သတင်း ဘာသာပြန်- သတင်းလုလင်

ဘန်း ဇွန် ၂၇

ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်(အပေါ်ပုံ)**သည် မေလသို့မဟုတ် ဇွန်လအတွင်း ပထမဆုံးအကြိမ် ဥရောပတိုက်ကို ဖြတ်သန်းကာ ပျံသန်းရန် စီစဉ်ထားကြောင်း အဆိုပါ လေယာဉ်ကို ထုတ်လုပ်သော ကုမ္ပဏီအကြီးအကဲက ဇွန် ၂၅ ရက်တွင် ပြောကြားသည်။**

ဆွစ်ဇာလန်နိုင်ငံ၌ တည်ဆောက်ခဲ့သော နေရောင်ခြည်စွမ်းအင်သုံး အဆိုပါလေယာဉ်ကို "နေစွမ်းအင် တွန်းအား" (Solar Impulse) ဟု အမည်ပေးထားသည်။

ပူးတွဲလေယာဉ်မှူးများဖြစ်ကြသော ဘာထရန်ပီကတ်နှင့် အင်ဒရေဘော့ချ်ဘတ်တို့သည် ဥရောပတိုက်ကို ဖြတ်သန်းကာ ခရီး၏ ကီလိုမီတာ ၂၅၀၀ ကို ပျံသန်းမောင်းနှင်မည်ဖြစ်သည်။

နေစွမ်းအင်သုံးလေယာဉ်သည် ဥရောပအနောက်တောင်ပိုင်း ပြင်သစ်-စပိန်နယ်စပ်ဒေသအနီး ပိုင်ရန်နီးမြို့မှ ထွက်ခွာကာ မြေထဲပင်လယ်ကို ဖြတ်သန်း၍ ပျံသန်းမည်ဖြစ်ပြီး မော်ရိုကိုနိုင်ငံ၌ ဆင်းသက်မည်ဖြစ်သည်။

ရာသီဥတုအပေါ် မူတည်ကာ လေယာဉ်ပျံသန်းမည့် နေ့ရက်ကို အတိအကျ သတ်မှတ်မည်ဖြစ်ကြောင်း Solar Impulse ကုမ္ပဏီအကြီးအကဲက ပြောကြားသည်။

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို ၄၈ နာရီကြာ ပျံသန်းမည်ဖြစ်ရာ လေယာဉ်မှူးနှစ်ဦးက တစ်ယောက်တစ်လှည့်စီ မောင်းနှင်နိုင်ရန် စပိန်နိုင်ငံ မဒရစ်မြို့အနီး၌ ခရီးတစ်ထောက်ရပ်နားပြီး တာဝန်လွှဲပြောင်းရယူမည်ဖြစ်သည်။

နေစွမ်းအင်သုံးလေယာဉ်၏ တောင်ပံမှာ ၆၃ ဒသမ ၄ မီတာရှိပြီး အလေးချိန် ကီလို ၁၆၀၀ သာလျှင် ရှိသည်။ လေယာဉ်တောင်ပံပေါ်တွင် ဆိုလာဆဲလ် ၁၂၀၀၀ တပ်ဆင်ထားသည်။ ***အင်တာနက်။***

နိုင် ငံ တ ကာ အ နု ပ ညာ

စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသည့် ကင်မ်ဂျီဆွတ်ခ် အနုပညာလောကသို့ ပြန်လည်ရောက်ရှိလာ

ကိုရီးယားမင်းသား ကင်မ်ဂျီဆွတ်ခ်သည် ၎င်း၏ စစ်မှုထမ်းတာဝန်ပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

In Need of Romance အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် ကင်မ်သည် ကော်ဖီဆိုင်တစ်ဆိုင်၏ အမှုဆောင်အရာရှိချုပ် ရှင်ဂျီဟွန်းအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းဇာတ်လမ်းတွဲတွင် ရှင်ဂျီဟွန်းနှင့် ဂျူးယိုလ်မေတို့သည် ကာလကြာရှည်လက်တွဲလာသည့် ချစ်သူများဖြစ်ကြပြီး နောက်ပိုင်းတွင် ရှင်ဂျီဟွန်း၏ အချစ်ဆုံးသူငယ်ချင်းအဖြစ် သရုပ်ဆောင်သူ လီဂျင်ဝုခ်နှင့် သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်းအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ဂျူးယိုလ်မေအဖြစ် မင်းသမီး ဂျန်ယူမီက သရုပ်ဆောင်သွားမည်ဖြစ်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ ကျွန်တော့်ရဲ့ သရုပ်ဆောင်စရိုက်အတွက် အကောင်းဆုံးဖြစ်အောင် ပြန်လည်ကြိုးစားဖို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလို့ ခံစားနေရပါတယ်။ ဒါပေမယ့် လီဂျင်ဝုခ်နဲ့ ဂျန်ယူမီတို့လို ထိပ်တန်းသရုပ်ဆောင်တွေနဲ့ တွဲဖက်သရုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်" ဟု ကင်မ်ဂျီဆွတ်ခ်က ပြောကြားသည်။

ကင်မ်ဂျီဆွတ်ခ်သည် ၂၀၁၀ ခုနှစ် Slave Hunters ရုပ်သံဇာတ်လမ်းတွဲ၊ Personal Taste ဇာတ်လမ်းတွဲနှင့် ၂၀၀၉ ခုနှစ်က Take Off ရုပ်ရှင်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

အင်တာနက်။

သရုပ်ဆောင်စရိုက်အတွက် ပြန်လည်ကြိုးစားရဦးမည့် ကင်မ်ဂျီဆွတ်ခ်။

ယနေ့ သတင်းအညွှန်း

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီး

ပြည်တွင်းသတင်း စာမျက်နှာ ၃

လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ ပိုမိုများပြားသော်လည်း ပြည်သူများ ဓာတ်အားလုံလောက်စွာရရှိရေး ဦးစားပေးဖြန့်ဖြူးလျက်ရှိ

ပြည်တွင်းသတင်း စာမျက်နှာ ၇

နျူကလီးယား မတော်တဆမှု ဘေးအန္တရာယ်ကာကွယ်ရေး ဟောင်ကောင်၌ စုပေါင်းလေ့ကျင့်မှု ပြုလုပ်

နိုင်ငံတကာသတင်း စာမျက်နှာ ၄

ကမ္ဘာ့အမွေအနှစ်စာရင်းပါ မဒါဂတ်စကား မိုးသစ်တော၌ နီလာများတွေ့ ကျောက်တူးမှုကြောင့် သစ်တော၏ နဂိုရည် ပျက်ယွင်းမည့် အန္တရာယ်ရှိ

နိုင်ငံတကာသတင်း စာမျက်နှာ ၅

အမေရိကန်နိုင်ငံအတွင်း ကျရောက်ခဲ့သည့် ဥက္ကာခဲ၏ ပေါက်ကွဲအား တီအင်န်တီ ၅ ကီလိုတန်နှင့် ညီမျှ

နိုင်ငံတကာသတင်း စာမျက်နှာ ၅

ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းရန် ရတနာပုံအသင်းထွက်ခွာ

ရန်ကုန် ဇွန် ၂၇

ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းသည် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အောက်ပုံ)**

ရတနာပုံအသင်းတွင် အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ အုပ်ချုပ်သူ ဦးအောင်ထွန်းဦး၊ နည်းပြချုပ် မစ္စတာဘောဂတ်စ်၊ လက်ထောက်နည်းပြ ဦးဇော်လေးအောင်၊ ဂိုး-နည်းပြ ဦးအောင်ကျော်ထူး၊ ကြံ့ခိုင်ရေးနည်းပြ မစ္စတာရီကာဒို၊ မီဒီယာတာဝန်ခံ ဦးသိန်းသန်းတိုး၊ ဆေးမှူး ဦးစိုးလင်း၊ ဂိုးသမား-ယဉ်မင်းအောင်၊ မွန်ထွယ်အောင်၊ နောက်တန်း - ကျော်ခိုင်ဝင်း၊ အန်ဒရေ၊ ခင်မောင်ထွန်း၊ ရဲဝင်းအောင်၊ ကျော်စိုးလွင်၊ နီမောင်မောင်အောင်၊ အာကာနိုင်၊ ဟိန်းသီဟဇော်၊ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖